ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

(၅၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၅၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၃.၉၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၅၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစောယုဒ်ဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ ၂၈-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ (၂၁)ရာစုပင်လုံနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာစားပွဲဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဖခင်ဖြစ်သူကျန်းမာရေး။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ရန်ကုန်တိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ Work Shop တက်ရောက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ လွှတ်တော်ရန်ပုံငွေကိစ္စဆောင်ရွက်ရန်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်နှင့် ဗိုလ်မှူးမင်းအောင်ဖြိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၃၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့်

ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၆) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ ၂၄-၇-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၈/၂၀၁၇)ဖြင့် ဖွဲ့စည်းထားတဲ့ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဇော်ဇော်နိုင် အစား ဗိုလ်မှူးကြီးကောင်းကျော် အား အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဇော်ဇော်နိုင် အစား ဗိုလ်မှူးကြီးကောင်းကျော် အား အဖွဲ့ဝင်အဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဇော်ဇော်နိုင် အစား ဗိုလ်မှူးကြီးကောင်းကျော် အား အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံတွင် ဘူဒိုဇာများ (Bulldozer)၊ ဘက်ဟိုးယာဉ်များ (Back Hoe)၊ မြေတူးစက်ကြီးများ (Excavator)၊ မြေသယ်ယာဉ်ကြီးများကို ယာဉ်မှတ်ပုံတင် စာရင်းသွင်းခြင်း၊ ယာဉ်နံပါတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် သက်တမ်းတိုးပေးခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း က မြန်မာနိုင်ငံတွင် ဘူဒိုဇာများ (Bulldozer)၊ ဘက်ဟိုးယာဉ်များ (Back Hoe)၊ မြေတူးစက်ကြီးများ (Excavator)၊ မြေသယ်ယာဉ်ကြီးများကို ယာဉ်မှတ်ပုံတင် စာရင်းသွင်းခြင်း၊ ယာဉ်နံပါတ်ပေးခြင်း၊

လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် သက်တမ်းတိုးပေးခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဦးဘမျိုးသိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) က ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မြန်မာနိုင်ငံတွင် ဘူဒိုဇာများ (Bulldozer)၊ ဘက်ဟိုး ယာဉ်များ (Back Hoe)၊ မြေကော်စက်ကြီးများ၊ မြေတူးစက်ကြီးများ (Excavator)၊ မြေသယ်ယာဉ် ကြီးများအား ယာဉ်မှတ်ပုံတင် စာရင်းသွင်းခြင်း၊ ယာဉ်နံပါတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များ ချထားပေး ခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

မေးမြန်းရတဲ့အကြောင်းအရင်းကတော့ မြန်မာနိုင်ငံတွင် တည်ဆောက်ရေးလုပ်ငန်း များ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများဟာ အရှိန်အဟုန်နဲ့ တိုးတက်လာ တာနဲ့အမျှ လုပ်ငန်းသုံးယာဉ်စက်ကြီးများဖြစ်ကြတဲ့ ဘူဒိုဇာများ (Bulldozer)၊ ဘက်ဟိုးယာဉ်များ၊ မြေကော်စက်ကြီးများ၊ မြေတူးစက်ကြီးများ (Excavator)နဲ့ မြေသယ်ယာဉ်ကြီးများ အသုံးပြုမှုဟာ တဖြည်းဖြည်း များပြားလာတာကို တွေ့ရှိရပါတယ်။ ၎င်းမြေစက်ကြီးများကို ယာဉ်မှတ်ပုံတင် စာရင်း သွင်းခြင်း၊ ယာဉ်နံပါတ်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းအားဖြင့် ကျွန်တော်တို့ အကျိုးကျေးဇူးတွေရရှိမှာ ဖြစ်ပါတယ်။

နံပါတ်တစ်ကတော့ မြေကြီးများတူးဖော်ခြင်း၊ ရွှေတွင်းများတူးဖော်ခြင်း၊ သတ္တုတွင်းများ တူးဖော်ခြင်း စတဲ့ သယံဇာတများ တူးဖော်ခြင်းလုပ်ငန်းတွေမှာ တရားမဝင်တူးဖော်ခြင်းများမှ ဟန့်တား နိုင်ခြင်း ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ ဒီယာဉ်စက်ကြီးများကို မှတ်ပုံတင်ထားခြင်းအားဖြင့် သက်ဆိုင်ရာ အခွန်အခများ စည်းကြပ်ကောက်ခံနိုင်မှာ ဖြစ်ပါတယ်။ နံပါတ်သုံးအချက်ကတော့ ၎င်းစက်ကြီးများအလုံးစုံ အာမခံထားခြင်းဖြင့် စက်ပိုင်ရှင်များသာမက လုပ်ငန်းနဲ့ပတ်သက်တဲ့ ကိစ္စများအတွက် ကာကွယ်မှုများလည်း ရနိုင်ပါတယ်။ ၎င်းအပြင် ၎င်းယာဉ်စက်ကြီးများ အမျိုးအစား အလိုက်၊ အရွယ်အစား အကြီး၊ အသေးအလိုက် စက်အရေအတွက်အလိုက် မှတ်တမ်းထားရှိခြင်း စသည်တို့ဟာ ကျွန်တော်တို့ အထူးသဖြင့် သယံဇာတများကို တရားမဝင် တူးဖော်ခြင်းမှ ကာကွယ် တားဆီးနိုင်မှာ ဖြစ်ပါတယ်။ ဒီ အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအတွက်ကြောင့် ဘူဒိုဇာများ (Bulldozer)၊ ဘက်ဟိုးယာဉ်များ (Back Hoe)၊ မြေတူးစက်ကြီးများ (Excavator)နဲ့ မြေသယ်ယာဉ်ကြီးများအား ယာဉ်မှတ်ပုံတင် စာရင်းသွင်း ခြင်း၊ ယာဉ်နံပါတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များချထားပေးခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများ

ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိကို လေးစားရပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်း ၏ မြန်မာနိုင်ငံတွင် ဘူဒိုဇာများ (Bulldozer)၊ ဘက်ဟိုးယာဉ်များ (Back Hoe)၊ မြေတူးစက်ကြီးများ (Excavator)နှင့် မြေသယ်ယာဉ်ကြီးများကို ယာဉ်မှတ်ပုံတင် စာရင်းသွင်းခြင်း၊ ယာဉ်နံပါတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် သက်တမ်းတိုးပေးခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဖြေကြားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းသုံးမော်တော်ယာဉ်နှင့် စက်ယန္တရားများ တင်သွင်းခြင်းနဲ့ ပတ်သက်ပြီးတော့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်စခန်းများဖြစ်တဲ့ မူဆယ်၊ မြဝတီ၊ တာချီလိတ် စခန်းများမှ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိမှာ ၂၀၀၇ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုပေးလျက်ရှိပါတယ်။ အဲဒီဟာအပြင် အများပြည်သူသုံး လမ်းများအပေါ်မှာ မောင်းနှင်အသုံးပြုခြင်းမရှိတဲ့ Excavator၊ Bulldozer၊ Motor Grader၊ Piling Machine၊ Forklift ၊ Loader(၂) မျိုး၊ Roller(၂)မျိုး၊ Crane (၇)မျိုး စတဲ့ လုပ်ငန်းသုံးယန္တရား(၁၆)မျိုးကို လွန်ခဲ့တဲ့ နှစ်(၂၀)အတွင်း ထုတ်လုပ်တဲ့ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုကြောင်းကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်တဲ့ လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ၃၀-၁၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။

နှစ်စဉ် မော်တော်ယာဉ်များ သတ်မှတ်ချက်ကို အများပြည်သူများသိရှိရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Website နှင့် နိုင်ငံပိုင်သတင်းစာများမှ အသိပေးကြေညာပေးလျက်ရှိပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ Bulldozer များ၊ Back Hoe များ၊ Excavator များ လုပ်ငန်းခွင်သာသုံးသည့် Dump Truck (မြေသယ်ယာဉ်များ)နှင့် Scraper များအပါအဝင် အများပြည်သူသွားလာတဲ့

လမ်းများကို အသုံးမပြုဘဲ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် စက်ယန္တရားကြီးများနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းခွင့်ပြုထားတဲ့ အမျိုးအစား(၁၆)မျိုးကို အခြေခံ၍ ပြည်ပမှ တရားဝင်တင်သွင်းလာတဲ့ စက်ယန္တရားကြီးများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးခဲ့တဲ့ Import Permit၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးတဲ့ Release Order Notification နှင့် Custom Statement တို့ ပါရှိလျှင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးအစား(၁၈)မျိုး ခွဲခြား၍ ယန္တရားအမှတ်(စက) မှ (စဒ) အထိ ယာဉ်နံပါတ် သတ်မှတ်ပေးကာ ပြည်ပတင်သွင်း ယန္တရားမှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခများ ကောက်ခံကာ မှတ်ပုံတင်သက်တမ်း တစ်နှစ်သတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိရာ ၃၁-၇-၂၀၁၇ ရက်နေ့အထိ စုစုပေါင်း ယန္တရားအစီးရေ(၁၇၇၃)စီး မှတ်ပုံတင်ပြီး ဖြစ်ပါတယ်။

အဆိုပါ (၁၈)မျိုးမှာ မပါဝင်တဲ့ အများပြည်သူသွားလာတဲ့လမ်းတွေကို အသုံးပြု၍ မြေသယ်ယာဉ်အဖြစ် ဆောင်ရွက်လျက်ရှိတဲ့ (၂)တန်နှင့်အထက် Dump Truck ယာဉ်များကိုတော့ ကုန်စည်ပို့ဆောင်ခွင့် “က” လုပ်ငန်းလိုင်စင် ထုတ်ပေးလျက်ရှိပါတယ်။ ၃၁-၇-၂၀၁၇ ရက်နေ့အထိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Dump Truck ယာဉ်စုစုပေါင်း (၄၂၅၅၇)စီးကို “က” လုပ်ငန်းလိုင်စင် ထုတ်ပေးထားပြီး ဖြစ်ပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်တဲ့အခါ ၂၀၁၃ ခုနှစ်၊ သုတစ်ပါးထိခိုက်မှုအာမခံ နည်းဥပဒေအရ မထားမနေရ သုတစ်ပါးထိခိုက်မှု အာမခံပရီမီယံကြေးကို မြန်မာ့အာမခံလုပ်ငန်း၌ ပေးသွင်းခြင်းဖြင့် သုတစ်ပါးထိခိုက်မှုအာမခံ အကာအကွယ်ရယူရပါတယ်။ ၎င်းယာဉ်များကို အလုံးစုံ မော်တော်ယာဉ်အာမခံထားရှိမည်ဆိုပါက အလုံးစုံ မော်တော်ယာဉ် အာမခံအကာအကွယ် ရရှိမည်ဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းလာတဲ့ ယာဉ်ယန္တရားများနဲ့ ပတ်သက်ပြီး လိုင်စင်ခွင့်ပြုချက်များနှင့် တိုက်ဆိုင်စစ်ဆေးပြီး အခွန်စည်းကြပ်ကောက်ခံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ လက်အောက်မှာ အသုံးပြုတဲ့ စက်ယန္တရားကြီးများနဲ့ ပတ်သက်၍ ရောက်ရှိတဲ့ အချိန်ကစပြီးတော့ စက်စာရင်းပြန်တမ်းကို ဗဟိုစက်ပစ္စည်းနှင့် စာရင်းအင်းဦးစီးဌာနသို့ (၃)လတစ်ကြိမ် ပေးပို့ရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ စက်ယန္တရားများကို စီမံကိန်းလုပ်ငန်းများအလိုက် ခွဲဝေနေရာချထားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ အစဉ်အမြဲထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းတဲ့ အချိန်ကစပြီးတော့ နိုင်ငံသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီထူထောင်မည့် ကျောက်မျက်ရတနာလုပ်ငန်းကို Back Hoe များ၊ Excavator များ၊ Dump Truck များ အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ ယာဉ်နှင့် ယန္တရားများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်နံပါတ်ရယူခြင်း၊ လုပ်ငန်းလိုင်စင်များရယူခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများကို ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ကျောက်မျက်ရတနာများကို အကန့်အသတ်ဖြင့် တူးဖော်ရန်အတွက် လုပ်ကွက်အကျယ်အဝန်းအလိုက် အသုံးပြုခွင့်ရှိသော ယာဉ်၊ ယန္တရားအရေအတွက်ကို သတ်မှတ်ထားပြီးနောက် ယင်းသတ်မှတ်အရေအတွက်အတိုင်း အသုံးပြုခွင့်လက်မှတ်များ ထုတ်ပေးထားတဲ့အပြင် ယာဉ်၊ ယန္တရားများရဲ့ မြင်သာတဲ့နေရာမှာ တပ်ဆင်ပြီး တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်စေလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်နှင့် ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ရှေ့တွင် ရှင်းလင်းတင်ပြခဲ့တဲ့အတိုင်း အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် ယာဉ်နှင့် ယန္တရားများကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက ကနဦးမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းများ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းမရှိပါကြောင်းနှင့် အများပြည်သူသုံး လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုတဲ့ (၂)တန်နှင့်အထက် Dump Truck ယာဉ်များကို လုပ်ငန်းလိုင်စင် ထုတ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဥက္ကဋ္ဌက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံသားများကို ဘဏ်လုပ်ငန်းများ အသုံးများလာကြစေရန် ပညာပေးဆွဲဆောင်မှုများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်ကြရမည့် ယနေ့အချိန်အခါမျိုးတွင် ဘဏ်လက်ကမ်းစာစောင်များ၌ ဖော်ပြထားသော အကြွေးဝယ်ကတ်များကို စတင်ဝယ်ယူ သုံးစွဲသည့်နေ့မှ ရက်(၅၀) အတိုးကင်းလွတ်သည်ဟု ဖော်ပြချက်နှင့် ဆန့်ကျင်၍ နောက်ကျကြေး၊ ဒဏ်ကြေး၊ အတိုးများ တောင်းယူနေမှုများအပေါ် ဗဟိုဘဏ်မှ ထိန်းကျောင်းကြီးကြပ် အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က နိုင်ငံသားများကို ဘဏ်လုပ်ငန်းများ အသုံးများလာကြစေရန် ပညာပေးဆွဲဆောင်မှုများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်ကြရမည့် ယနေ့အချိန်အခါမျိုးတွင် ဘဏ်လက်ကမ်းစာစောင်များ၌ ဖော်ပြထားသော အကြွေးဝယ်ကတ်များကို စတင်ဝယ်ယူသုံးစွဲသည့်နေ့မှ ရက်(၅၀) အတိုးကင်းလွတ်သည်ဟု ဖော်ပြချက်နှင့်

ဆန့်ကျင်၍ နောက်ကျကြေး၊ ဒဏ်ကြေး၊ အတိုးများ တောင်းယူနေမှုများအပေါ် ဗဟိုဘဏ်မှ ထိန်းကျောင်း ကြီးကြပ်အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ ဘဏ်လုပ်ငန်းများကို နိုင်ငံသား များကနေပြီးတော့ ယုံကြည်စိတ်ချစွာ သုံးစွဲခွင့်ရကြပါစေ၊ ဘဏ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက် ကြပါစေလို့ ဆုတောင်းရင်းနဲ့ အားလုံးကို ဂါရဝပြုပြီး နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ပုဂ္ဂလိကဘဏ်များ ဖွံ့ဖြိုးတိုးတက်ဖို့ မရှိမဖြစ် လိုအပ်လျက်ရှိပါတယ်။ တစ်ခါ ပုဂ္ဂလိကဘဏ်များ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်လည်း နိုင်ငံသား တွေကနေပြီးတော့ ဒီငွေကြေးအဖွဲ့အစည်းတွေကို ယုံကြည်စိတ်ချစွာနဲ့ အသုံးပြုနေကြဖို့ မရှိမဖြစ် လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားများဟာ လွန်ခဲ့တဲ့ နှစ်(၂၀)ကျော်လောက်က ဧရာမြေ၊ သစ္စာပန်းခင်းစတဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းများရဲ့ မမှန်မကန် လုပ်ကိုင် ခဲ့မှုများကြောင့် လူပေါင်းများစွာဟာ အမှုပေါင်းသောင်းနှင့်ချီပြီးတော့ တရားစွဲဆိုခဲ့ကြရပေမယ့်လည်း များစွာ ဆုံးရှုံးနစ်နာခဲ့ကြရတဲ့ အတွေ့အကြုံ ခံစားချက်များ ရှိနေခဲ့ကြတာကို သတိပြုကြဖို့ လိုပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့ နိုင်ငံဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကဘဏ်များ အောင်မြင်တိုးတက်နိုင်ရန် ပြည်သူများအားလုံး ဘဏ်များအပေါ်မှာ ယုံကြည်စိတ်ချစွာ သုံးစွဲကြဖို့ ဆွဲဆောင်ပညာပေးရမယ့် အချိန်အခါ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကိုယ်တိုင် ကျွန်တော်ရဲ့ ဆွေမျိုးမိတ်သင်္ဂဟများနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော် ယုံကြည်သဘောကျတဲ့ ပုဂ္ဂလိကဘဏ်ကြီးတစ်ခုကို ခေါ် ဆောင်သွားပြီးတော့ အကြွေးဝယ်ကတ်များ(Credit Card) ပြုလုပ်ပေးခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် လက်တွေ့သုံးစွဲကြည့်တဲ့ အခါမှာတော့ အကြွေးဝယ်ကတ် လက်ကမ်းစာစောင်မှာ ဖော်ပြထားတဲ့ စတင် ဝယ်ယူတဲ့ နေ့ကနေ ရက်(၅၀) အတိုးကင်းလွတ်ပါတယ်ဆိုတဲ့ ကတိဝန်ခံချက်နဲ့ ဆန့်ကျင်ပြီးတော့ (၂၅)ရက်ကြာမှာပဲ ဒဏ်ကြေးတွေ၊ နောက်ကျကြေးတွေ၊ အတိုးတွေနဲ့ တောင်းခံခြင်း ခံခဲ့ရပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ တင်ပြပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရက်(၅၀) အတိုးကင်းလွတ်ခွင့်ပြုတယ်လို့ လက်ကမ်းစာစောင်မှာ ဖော်ပြတာပါ။ အဲဒီဟာကို အကျယ်ချဲ့ထား တာပါ။ အဲဒီမှာ စတင်ဝယ်ယူ သုံးစွဲတဲ့နေ့ကနေစပြီး သတ်မှတ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြန်မာလို ဖော်ပြထားပါတယ်။ ဒါကတော့ လက်ကမ်းစာစောင်ပါ။ အဲဒီမှာလည်း ရက်(၅၀)ဆိုတာကို ဖော်ပြထားပါတယ်။ ဒါအကျယ်ရေးထားတာ။ အဲဒီမှာလည်း ရက်(၅၀) အတိုးကင်းလွတ်တယ်ဆိုတာ အကြိမ်ကြိမ်ဖော်ပြထားပါတယ်။ ဒါကတော့ ကျွန်တော့်ကို လှမ်းတောင်းတဲ့ ဒီဟာပါ။ ဒါ အကျယ်ချဲ့ထား မယ်ဆို (Opening balance) ဆိုတဲ့ စတင်သုံးစွဲတဲ့နေ့ကို ၃၀-၃-၂၀၁၇ ခုနှစ်လို့ ဖော်ပြထားတာ ဖြစ်ပါတယ်။

အဲဒီမှာ ကျွန်တော်တို့ စတင်သုံးစွဲပြီးလို့ (၂၅)ရက် အကြာမှာပဲ ကျွန်တော်တို့ Penalty Fee (၄၉၀၀၀)၊ Late Payment Charges (၉၈၀၀၀)၊ Interest (၅၅၈၅)ကျပ်ဆိုပြီးတော့ (၂၅)ရက် အကြာမှာပဲ ကျွန်တော် တောင်းဆိုခြင်းခံခဲ့ရပါတယ်။ ကျွန်တော် ရန်ကုန်က ဘဏ်ရုံးချုပ်ကိုသွားပြီးတော့ စုံစမ်းတော့မှ ရက်(၅၀)ဆိုတာ စာစောင်ထဲမှာပါသလို စတင်ဝယ်ယူတဲ့နေ့ကနေစပြီး မတွက်ဘဲနဲ့ ဝယ်တဲ့ လရဲ့ လဆန်း ၁ ရက်နေ့က စတင်တွက်ပါတယ်လို့ ပြောတော့မှ ကြားသိရပါတယ်။ Credit Card ထုတ်စဉ်ကလည်း ကျွန်တော် အပါအဝင် ဘယ်လွှတ်တော်ကိုယ်စားလှယ်ကိုမှ ဘယ်သူကမှ ရှင်းမပြခဲ့သလို လက်ကမ်းစာစောင်မှာ ဖော်ပြထားတဲ့ ကမ်းလှမ်းချက်ကတိနဲ့လည်း ဆန့်ကျင်ကွဲလွဲနေတဲ့အကြောင်းကို ပြောတဲ့အခါ အထက်ကို တင်ပြပေးပါ့မယ်လို့ မန်နေဂျာက ပြောပါတယ်။ ကျွန်တော်ကနေပြီးတော့ ဒီငွေတွေ ကျွန်တော် ပေးပါ့မယ်။ သို့သော် အများပြည်သူ မနစ်နာအောင် လက်ကမ်း စာစောင်မှာ ဖော်ပြထားတဲ့အချက်ကို အမှန်တကယ် တောင်းယူနေတဲ့အတိုင်း ပြင်ဆင်ဖြည့်စွက်ပေးဖို့ တောင်းဆိုခဲ့ပေမယ့်လည်း ပြင်ဆင်ပေးခြင်း မရှိတဲ့အတွက် ဗဟိုဘဏ်က ကြီးကြပ်ပေးစေလိုလို့ အခုလို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

စတင်ဝယ်ယူသုံးစွဲသည့်နေ့မှစပြီး သတ်မှတ်သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မြန်မာလို ဖော်ပြထားသည့်ပုံ (ကတ)



(Opening balance) စတင်သုံးစွဲသည့်နေ့ကို ၃၀-၃-၂၀၁၇ ခုနှစ်ဟု ဖော်ပြထား သည့်ပုံ (ကတ-၁)

AYA BANK

U HTAY OO
NO(24) 1ST FLOOR PATHEIN ST SANCHAUNG TSP
YANGON
YANGON MYANMAR

| | |
|---|---|
| STATEMENT DATE | 31 Mar 2017 |
| CUST CREDIT LIMIT | 3,000,000 |
| OPENING BALANCE | 0 |
| CURRENT BALANCE | 490,000 |
| MINIMUM PAYMENT | 49,000 |
| PAYMENT DUE DATE | 20 Apr 2017 |
| | (MYANMAR KYAT) |

AYA CREDIT ACCOUNT GROUP
35650927050000050 HTAY OO

| STATEMENT DATE | CREDIT LIMIT | OPENING BALANCE | MINIMUM PAYMENT | PAYMENT DUE DATE |
|---|---|---|---|---|
| 31 Mar 2017 | 3,000,000 | 0 | 49,000 | 20 Apr 2017 |

| RETAIL PURCHASE | CASH WITHDRAWAL | CHARGES & DEBIT | PAYMENT & CREDIT | CURRENT BALANCE |
|---|---|---|---|---|
| 490,000 | 0 | 0 | 0 | 490,000 |

| TRANS | POST DATE | TRANS TYPE | TRANS DESC | AMOUNT |
|---|---|---|---|---|
| | | | OPENING BALANCE | 0 |
| 356509******2705 - HTAY OO - MPU/JCB PLATINUM GOV CREDI - Basic | | | | |
| 30 Mar 2017 | 30 Mar 2017 | SALES | WAI YAN ELECTRONICS NPT MM | 490,000 |
| | | | SUB TOTAL | 490,000 |
| | | | CARD OUTSTANDING BALANCE | 490,000 |

(Opening balance) စတင်သုံးစွဲသည့်နေ့ကို ၃၀-၄-၂၀၁၇ ခုနှစ်ဟု ဖော်ပြထားသည့်ပုံ (ကတ-၂)

AYA BANK

U HTAY OO
NO(24) 1ST FLOOR PATHEIN ST SANCHAUNG TSP
YANGON
YANGON MYANMAR

| | |
|---|---|
| STATEMENT DATE | 30 Apr 2017 |
| CUST CREDIT LIMIT | 3,000,000 |
| OPENING BALANCE | 490,000 |
| CURRENT BALANCE | 837,885 |
| MINIMUM PAYMENT | 132,788 |
| PAYMENT DUE DATE | 20 May 2017 |
| | (MYANMAR KYAT) |

AYA CREDIT ACCOUNT GROUP
35650927050000050 HTAY OO

| STATEMENT DATE | CREDIT LIMIT | OPENING BALANCE | MINIMUM PAYMENT | PAYMENT DUE DATE |
|---|---|---|---|---|
| 30 Apr 2017 | 3,000,000 | 490,000 | 132,788 | 20 May 2017 |

| RETAIL PURCHASE | CASH WITHDRAWAL | CHARGES & DEBIT | PAYMENT & CREDIT | CURRENT BALANCE |
|---|---|---|---|---|
| 327,600 | 0 | 5,585 | 0 | 837,885 |

| TRANS | POST DATE | TRANS TYPE | TRANS DESC | AMOUNT |
|---|---|---|---|---|
| | | | OPENING BALANCE | 490,000 |
| 356509******2705 - HTAY OO - MPU/JCB PLATINUM GOV CREDI - Basic | | | | |
| 02 Apr 2017 | 02 Apr 2017 | SALES | CITY MART MYAY NI GHONE I MM | 48,300 |
| 03 Apr 2017 | 03 Apr 2017 | SALES | SEIN GAY HAR PYAY BRANCH MM | 86,000 |
| 10 Apr 2017 | 10 Apr 2017 | SALES | CITY MART MYAY NI GHONE I MM | 36,030 |
| 12 Apr 2017 | 12 Apr 2017 | SALES | CITY MART MYAY NI GHONE I MM | 25,870 |
| 19 Apr 2017 | 19 Apr 2017 | SALES | BLAZON TW MM | 109,900 |
| 25 Apr 2017 | 25 Apr 2017 | PARPAYFEE | PENALTY FEE | 4,900 |
| 25 Apr 2017 | 25 Apr 2017 | CFESY0021 | LATE PAYMENT CHARGES | 9,800 |
| 29 Apr 2017 | 29 Apr 2017 | SALES | CITY MART MYAY NI GHONE I MM | 21,500 |
| 30 Apr 2017 | 30 Apr 2017 | RETINT | RETAIL INTEREST | 5,585 |
| | | | SUB TOTAL | 347,885 |
| | | | CARD OUTSTANDING BALANCE | 837,885 |

**မြန်မာ့ငွေကြေး အားကောင်းလာစေရန် နယ်စပ်မြို့များ ဖြစ်ကြသည့် မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ တမူး စသည့် နယ်စပ်မြို့များတွင် တစ်ဖက်နိုင်ငံသုံး ငွေကြေးအစား မြန်မာကျပ်ငွေ သုံးစွဲရေးဗဟိုဘဏ်မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး က မြန်မာ့ငွေကြေး အားကောင်းလာစေရန် နယ်စပ်မြို့များဖြစ်ကြသည့် မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ တမူး စသည့် နယ်စပ်မြို့များတွင် တစ်ဖက်နိုင်ငံသုံး ငွေကြေးအစား မြန်မာကျပ်ငွေ သုံးစွဲရေး ဗဟိုဘဏ်မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းနီနီအေး ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ လက်ရှိအချိန်မှာ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားငွေ လဲလှယ်မှုအနေနဲ့ မြန်မာကျပ်ငွေတန်ဖိုး များစွာကျဆင်းနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလို မြန်မာ ကျပ်ငွေတန်ဖိုး ကျဆင်းနေတဲ့အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ကလည်း ကျပ်ငွေတန်ဖိုး ကျဆင်းခြင်းရဲ့ အခြေခံပြဿနာကို သိရှိပြီးတော့ မှန်ကန်တဲ့ နည်းလမ်းများနှင့် ဖြေရှင်းနိုင်ဖို့ ကြိုးပမ်း ဆောင်ရွက်နေမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာစေဖို့နဲ့ ပြန်ပြီးဦးမော့စေဖို့အတွက်ဆိုရင် ကျွန်မတို့ အမေရိကန်ဒေါ်လာ သုံးစွဲမှုထိန်းချုပ်ခြင်းနဲ့ ပြည်တွင်း ကျပ်ငွေသုံးစွဲမှု အားကောင်းလာစေခြင်းတွေကိုလည်းပဲ နိုင်ငံရဲ့ ငွေရေးကြေးရေး မူဝါဒတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ဗဟိုဘဏ်ကပဲ ဆောင်ရွက်နေတာဖြစ်မယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ ယခုအခါမှာ နယ်စပ်မြို့တွေမှာ တစ်ဖက်နိုင်ငံသုံး ငွေကြေးတွေဖြစ်တဲ့ ယွမ်ငွေ၊ ဘတ်ငွေ၊ ရူပီးငွေ၊ တာကာငွေများနဲ့ နယ်စပ်ကုန်သွယ်မှုတွေမှာရော၊ နေ့စဉ်ငွေကြေးသုံးစွဲမှုတွေမှာပါ အသုံးပြု နေကြတာဖြစ်တဲ့အတွက် မြန်မာကျပ်ငွေသုံးစွဲမှု အားနည်းလာသလို ငွေကြေးလဲလှယ်ဝန်ဆောင်မှု လုပ်ငန်းများလည်း အားနည်းလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလို ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု နည်းပါးခြင်းဟာဆိုရင် ပြည်တွင်းစီးပွားရေးလုပ်ငန်း မြင့်မားလာစေဖို့နဲ့ ကုန်သွယ်မှု လုပ်ငန်းများ တိုးတက်စေရေးအတွက် အတားအဆီးတစ်ရပ်လည်း ဖြစ်နေပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အချို့နိုင်ငံတွေမှာ ပြည်တွင်းသုံး သူတို့ရဲ့ငွေကြေးတွေကို ပဲ သုံးစွဲဖို့ အစီအမံတွေချထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာ ဂျပန်၊ ထိုင်း၊ တရုတ်၊ အမေရိကန်နဲ့ ဥရောပနိုင်ငံအချို့တွေမှာ သူတို့ရဲ့ Local Currency များနဲ့ပဲ လဲလှယ်သုံးစွဲကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ မြန်မာ့ငွေကြေး အားကောင်းလာစေဖို့ နယ်စပ်မြို့များဖြစ်ကြတဲ့ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ တမူး စတဲ့ နယ်စပ်မြို့တွေမှာ တစ်ဖက်နိုင်ငံသုံး ငွေကြေးအစား မြန်မာကျပ်ငွေ သုံးစွဲရေး ဗဟိုဘဏ်မှ မည်ကဲ့သို့ စီမံဆောင်ရွက်နေခြင်းကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အား လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးဘိုဘိုငယ် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦး ရဲ့ ဘဏ်လုပ်ငန်းများ အသုံးများလာစေဖို့အတွက် လိုအပ်နေတဲ့ အချိန်အခါမှာ ယခုလို အကြွေးဝယ်ကတ်တွေကို စတင်သုံးစွဲတဲ့နေ့မှ ရက်(၅၀) ကင်းလွတ်ခွင့်ပြုတယ်ဆိုပြီးတော့ တကယ်တမ်း ရက်(၅၀) မရတဲ့ကိစ္စအပေါ်မှာ ကျွန်တော် ပြန်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့တော့ ပထမဦးစွာ ဗဟိုဘဏ်ရဲ့ လုပ်ဆောင်ချက်တွေကို တင်ပြလိုပါတယ်။ ဗဟိုဘဏ်အနေနဲ့တော့ ဗဟိုဘဏ်ဥပဒေ အပိုဒ် ၆(က)အရလည်းကောင်း၊ နောက် မြန်မာနိုင်ငံတော်ဘဏ်၊ ဗဟိုဘဏ်ဥပဒေ အခန်း(၁၂)နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ အခန်း(၁၉)အရ ကျွန်တော်တို့ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုစနစ်ကို ထိန်းကျောင်းပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အဲဒါကိုတော့ လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အဓိကကတော့ လက်လီကတ်တွေကို ထုတ်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ လက်လီငွေပေးတဲ့ အခါမှာ ငွေကိုအသုံးပြုရတဲ့နေပြီးတော့ ငွေသားကိုင်တွယ်မှု လျော့ပြီးတော့ ကျွန်တော်တို့ ကတ်နဲ့ အသုံးပြုတဲ့စနစ် ထွန်းကားလာစေဖို့ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ငွေသားကတ်နဲ့ အကြွေးဝယ်ကတ်(Debit Card)နဲ့ (Credit Card)တွေကို ထုတ်ဝေခွင့် ပြုခဲ့ပါတယ်။

အဲဒီအခါမှာ အကြွေးဝယ်ကတ်တွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဗဟိုဘဏ်ရဲ့ပမာဏ သတ်မှတ်ချက်ကတော့ အနည်းဆုံး(၅)သိန်းကနေပြီးတော့ အများဆုံးကျပ်သိန်း(၅၀)အထိ ဖြစ်ပါတယ်။ အဲဒီလို ထုတ်ပေးတဲ့အခါမှာ လူတိုင်းကို ထုတ်ပေးခွင့်မပြုဘဲနဲ့ ထုတ်ပေးနိုင်တဲ့ အရည်အချင်းများဖြစ်တဲ့ အနိမ့်ဆုံးဝင်ငွေ (၁၅၀၀၀၀)ရှိရမယ်။ နောက်တစ်ခါ ကတ်ကိုလျှောက်ထားတဲ့ လူတွေရဲ့ နာမည်ကောင်းရှိမှု၊ နောက်တစ်ခါ အကြွေးပေးရန် ထိုက်တန်မှု ရှိ/မရှိ ဒါတွေကို စိစစ်ပြီးမှ ထုတ်ပေးပါဆိုပြီး ကျွန်တော်တို့ သတ်မှတ်ပေးခဲ့ပါတယ်။ ဘဏ်တွေရဲ့ အကြွေးဝယ်ကတ်ကတော့ ကျွန်တော်တို့ ကာလတို ချေးငွေဖြစ်ပြီးတော့ သူက အာမခံမပါပါဘူး။ အာမခံမဲ့ချေးငွေ ဖြစ်ပါတယ်။ အဲဒီတော့ သတ်မှတ်ကာလ အတွင်းမှာ ပြန်မပေးဘူးဆိုလို့ရှိရင် ဘဏ်တွေကနေပြီးတော့ အတိုးနှုန်းကောက်ခံမယ်။ နောက်ကျကြေးကောက်ခံမယ်။ ဒဏ်ကြေးတွေ ကောက်ခံမယ်ဆိုတာတော့ လုပ်နေကြပါတယ်။ ဒီဟာတော့ ကျွန်တော်တို့ အကြွေးဝယ်ကတ် စည်းမျဉ်းထဲမှာလည်း ပါပြီးသား ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြီးတဲ့အခါမှာ အသုံးပြုတဲ့အခါတွေမှာ ဘဏ်တွေကို ကျွန်တော်တို့ ကတ် အသုံးပြုမှုနဲ့ ငွေတောင်းခံလွှာပေါ့လေ၊ Card Statement တွေကို လစဉ် ပေးပို့ပါတယ်။ Card Statement မှာ ဘာပါလဲဆိုတော့ ကျွန်တော်တို့ နောက်ဆုံးပေးသွင်းရမယ့်ရက်ကို အတိအကျ ထုတ်ပေးထားဖို့ ပြောထားပါတယ်။ အဲဒီကာလက များသောအားဖြင့် (၄၅)ရက် သို့မဟုတ် ရက်(၅၀)

ဘဏ်အလိုက် သတ်မှတ်ကြပါတယ်။ ပြီးတော့ အတိုးနှုန်းကတော့ (၁၃)ရာခိုင်နှုန်း ဆိုပြီး ကျွန်တော်တို့ ဗဟိုဘဏ်ရဲ့ ဘောင်အတွင်းမှာ ကောက်ခံပါတယ်။ ပြီးတော့ ဝန်ဆောင်မှုနှုန်းထားတွေကိုတော့ ကျွန်တော်တို့ ကန့်သတ်ထားခြင်းမရှိပါဘူး။ ဘဏ်တွေအချင်းချင်း ပြိုင်ကြပါဆိုပြီး ကျွန်တော်တို့ ခွင့်ပြုထားပါတယ်။ အဲဒီတော့ ဒီဟာနဲ့ပတ်သက်လို့ သူတို့စာရွက်ပေါ်က ထုတ်ပြန်ထားတဲ့ စည်းမျဉ်းတွေကတော့ ကျွန်တော်တို့ ဒီ အတိုးကောက်ခံတာ၊ နောက်ကျတာ ဒဏ်ကြေးတွေကတော့ ကျွန်တော်တို့ လျှောက်လွှာမှာ ဖော်ပြထားတဲ့ဥစ္စာတွေကတော့ ကျွန်တော်တို့ နိုင်ငံတကာက စည်းမျဉ်းတွေနဲ့ ကိုက်ညီပါတယ်။ ဒါပေမဲ့ အခုဖြစ်စဉ်မှာ ဘာဖြစ်သလဲဆိုတော့ ဧရာဝတီဘဏ်က ထုတ်ပြန်တဲ့ လက်ကမ်းစာစောင်က အခက်အခဲဖြစ်နေတာ ဖြစ်ပါတယ်။ လက်ကမ်းစာစောင်မှာ မရှင်းလင်းစရာ ဖြစ်နေပါတယ်။

သူတို့ အဓိကပြောတဲ့အခါမှာ လက်ကမ်းစာစောင်မှာ စတင်အသုံးပြုတဲ့ရက်မှ စပြီးတော့ ဆိုပြီးတော့ စတင်ဆိုတဲ့ စကားလုံးပါတဲ့အခါမှာ စားသုံးသူအနေနဲ့က စတင်အသုံးပြုရက်ကနေ ရက်(၅၀) အထိရတယ်ဆိုတဲ့ အမြင်ရှိပါတယ်။ ဒါပေမဲ့ သူတို့ကတော့ တကယ်တမ်းကျတော့ ဒီရက်က လတစ်လ ရဲ့ ပထမဦးဆုံးရက်ကိုပါ ထည့်တွက်တာဖြစ်ပါတယ်။ အဲဒီတော့ ထည့်တွက်တဲ့အခါကျတော့ သူက ဒီလ အတွင်းမှာ (၁၅)ရက်မှာမှ သုံးသုံး၊ ရက်(၂၀)မှ သုံးသုံး၊ ရက်(၃၀)မှ သုံးသုံး သူက (၁)ရက်နေ့က ပြန်စတွက်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ သူကစတွက်ပြီးတော့ နောက်လ ရက်(၂၀)ကျရင် အတိုးတောင်းတာဖြစ်ပါတယ်၊ ဒီဥစ္စာက။ အဲဒီတော့ ဧရာဝတီဘဏ်အနေနဲ့ ဥပမာဆိုလို့ရှိရင် ကျွန်တော်အမြင်ကတော့ ဧရာဝတီဘဏ်အနေနဲ့ဆိုရင် ဒီလအတွင်းမှာ သုံးသမျှ အားလုံးကို ဘယ်ရက်မှာသုံးသုံး နောက်လရက်(၂၀)ကျရင် အကျေပေးရမယ်ဆိုပြီး ရှင်းရှင်းလင်းလင်း ကြေညာလိုက်လို့ရှိရင် ဒီလက်ကမ်းစာစောင်မှာ ကြေညာထားလို့ရှိရင် ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ ပိုပြီး ရှင်းလင်းမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘဏ်အနေနဲ့ကတော့ ဒီ လက်ကမ်းစာစောင်တွေကို ဆက်မသုံးဖို့တော့ အမိန့်ထုတ်ပြီးပါပြီ။ အခုအချိန်မှာ ဖြစ်တာတော့ ကျွန်တော်တို့အနေနဲ့တော့ နိုင်ငံတကာမှာ ဆိုရင်တော့ ဒီ ဘဏ်တွေ၊ ဒီ Credit Card ဝန်ဆောင်မှုပေးတဲ့ အကြွေးဝယ်ကတ် ဝန်ဆောင်မှုပေးတဲ့ နေရာတွေက ကြော်ငြာတွေကို ဘဏ်အချင်းချင်းကရော၊ ဘဏ်များအသင်းကရော စိစစ်ပါတယ်။ သူတို့က မှားယွင်းနေတာရှိရင် ထောက်ပြတာမျိုးလုပ်တာရှိပါတယ်။ အဲဒီတင်မကဘူး။ ဒီငွေကြေးဝန်ဆောင်မှုများအသင်း၊ နောက်တစ်ခါ အစိုးရက ဖွဲ့စည်းပေးထားတဲ့ စားသုံးသူအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး အသင်း၊ အေဂျင်စီတွေပေါ့လေ၊ ဒီလိုဌာနတွေကပါ ဝိုင်းပြီးတော့ တာဝန်ယူဖြေရှင်းပါတယ်။ ပြီးတဲ့အခါကျတော့ရှိရင်လည်း စားသုံးသူတွေကလည်း စုပေါင်းပြီး တရားစွဲခွင့်ရှိပါတယ်။ ကျွန်တော်တို့ Club Action Lawsuit ပေါ့၊ လုပ်လို့ရပါတယ်။ အဲဒီတော့ တရားစီရင်ရေးစနစ်ကပါရော ဝိုင်းပြီးတော့ ထိန်းကျောင်းမှုရှိပါတယ်။ ကျွန်တော်တို့ဆီမှာတော့ အခု ဗဟိုဘဏ်ကပဲ လုပ်နေတဲ့ အနေအထားမှာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတကာ အတွေ့အကြုံတွေကတော့ အကြွေးဝယ်ကတ်တို့၊ ဒီလို ငွေသားကတ်တို့ စပြီးတော့ သုံးစွဲတဲ့အချိန်မှာ နားမလည်မှုတွေ စားသုံးသူနဲ့ ထုတ်ဝေသူတွေကြားမှာ ကတ်ကို ထုတ်ပေးတဲ့ သူတွေကြားမှာ နားမလည်မှုတွေ၊ အယူအဆလွဲမှားတာတွေ

ဖြစ်လေ့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လုပ်ငန်းကြာရှည်လာတာနဲ့အမျှ စားသုံးသူတွေကြားမှာလည်း ဒီ အကြွေးဝယ်ကတ် သုံးစွဲတဲ့အလေ့အကျင့်များသွားတာနဲ့အမျှလည်း သူက လုပ်ငန်းတည်ငြိမ်လာပြီးတော့ ဒီ အခက်အခဲ မျိုးတွေက တဖြည်းဖြည်း လျော့သွားလေ့ရှိပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပုံမှန်တွေ့ဆုံနေကျဟာတစ်ခုလို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အဓိက ကတော့ ဘာလိုမလဲဆိုလို့ရှိရင် ဘဏ်လုပ်ငန်းများအပေါ်မှာလည်း ကျွန်တော်တို့အနေနဲ့ ဒီ စားသုံးသူရဲ့ အကြွေးဝယ်ခွင့်ကတ်တွေအပေါ်မှာရော ပိုပြီးတော့ ယုံကြည်မှု၊ တည်ငြိမ်မှု မြှင့်တက်လာဖို့အတွက် ဗဟိုဘဏ်သာမကပဲ အခြားအဖွဲ့အစည်းတွေကပါ ဝိုင်းဝန်းကြိုးပမ်းရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဘဏ်တွေအနေနဲ့ကလည်း ပြည်သူလူထု ဝန်ဆောင်မှု အသုံးပြုဖို့အတွက် ဒီလိုဖြန့်ဝေခြင်းတွေ ပြုလုပ်တဲ့အခါမှာ သုံးစွဲသူတွေနဲ့ နားလည်မှု မလွဲစေဖို့အတွက် ကိုယ့်ကိုယ်ကို ကြီးကြပ်ထိန်းကျောင်းသွားဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘဏ်တွေ အနေနဲ့ သုံးစွဲသူကို ပိုမိုပြီး ရှင်းလင်းတဲ့ အချက်အလက်တွေကို ဖြန့်ဖြူးပေးနိုင်ဖို့ ဗဟိုဘဏ်အနေနဲ့ ဘဏ်များကို ဆက်ပြီးတော့ အသိပေး အကြောင်းကြားမှာဖြစ်ကြောင်း တင်ပြရင်းနဲ့ ဒီမေးခွန်းကို ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မြန်မာ့ငွေကြေး အားကောင်းလာစေဖို့ နယ်စပ်မြို့တွေဖြစ်ကြတဲ့ မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ တမူး စတဲ့ မြို့တွေမှာ တစ်ဖက်နိုင်ငံသုံး ငွေကြေးအစား မြန်မာကျပ်ငွေသုံးစွဲရေး ဗဟိုဘဏ်မှာ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ဗဟိုဘဏ်အနေနဲ့ ပြည်တွင်းသုံးကျပ်ငွေရဲ့ အသုံးဝင်မှုကဏ္ဍမလျော့ကျဖို့ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် နိုင်ငံအတွင်းမှာ နိုင်ငံခြားငွေတွေကို အသုံးပြုတဲ့ Dollarization ဖြစ်မလာစေဖို့၊ နောက်တစ်ခါ ကျွန်တော်တို့ ငွေကြေးတည်ငြိမ်မှု ရှိစေဖို့၊ နောက် နိုင်ငံခြားငွေ လိုအပ်ချက်ပမာဏ လျော့နည်းသွားဖို့အတွက် ဒီ နိုင်ငံတော်အတွင်းမှာရှိတဲ့ နိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေရဲ့ ဝယ်ယူသုံးစွဲမှုတွေ၊ ငွေပေးချေမှုတွေ၊ ဝန်ဆောင်ခပေးတာတွေ အားလုံးကို နိုင်ငံတကာနည်းတူ မြန်မာသုံးကျပ်ငွေနဲ့သာ ပေးရမယ်ဆိုပြီးတော့ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ မေလအတွင်းက ကျွန်တော်တို့ စာထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနဲ့ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့ အားလုံးကို ညှိနှိုင်း အကြောင်းကြားခဲ့ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ ငွေပေးချေမှုတွေကို ပိုပြီးထိထိရောက်ရောက် မြန်မာကျပ်ငွေနဲ့ ဖြစ်စေဖို့အတွက် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနဲ့ တိုင်းဒေသကြီးအစိုးရ အားလုံးကို ၎င်းတို့ရဲ့ လက်အောက်ခံအဖွဲ့အစည်းတွေ၊ သူတို့ရဲ့ ဆက်စပ်ဆောင်ရွက်နေတဲ့ အစိုးရနဲ့ ပုဂ္ဂလိကလုပ်ငန်းတွေ၊ အဖွဲ့အစည်းတွေအတွင်းမှာ အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခု ကုန်ပစ္စည်း ရောင်းချတာတွေ၊ ဝန်ဆောင်မှု၊ ဆောင်ရွက်မှု၊ ပေးချေမှုတွေအတွက် ကျွန်တော်တို့

ဈေးနှုန်းဖော်ပြတာတွေမှာ နိုင်ငံခြားငွေနဲ့ သတ်မှတ်ခြင်း တောင်းခံတာတွေကို ရပ်တန့်ဖို့ ပြည်တွင်းသုံး ကျပ်ငွေနဲ့သာ ကျွန်တော်တို့ ဖော်ပြပြီးတော့ တောင်းခံကြဖို့ ထပ်မံညှိနှိုင်း အကြောင်းကြားခဲ့ပါတယ်။

နောက်ပြီးတော့ ဗဟိုဘဏ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ငွေကြေးတန်ဖိုး မြင့်မားစေရေးနဲ့ ဒေါ်လာ အသုံးပြုခြင်းကြောင့် ဖြစ်လာနိုင်တဲ့ဟာတွေကို ကျွန်တော်တို့ ဆိုးကျိုးတွေကို မဖြစ်စေဖို့ ရည်ရွယ်ပြီး တော့ မြန်မာကျပ်ငွေနဲ့ ဒေါ်လာနဲ့ နိုင်ငံခြားငွေနဲ့ ဝယ်ယူရောင်းချလဲလှယ်ပေးတဲ့ ငွေလဲကောင်တာတွေကို Money Changer တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံးမှာ ဖွင့်ခွင့်ပေးရာမှာ ကျွန်တော်တို့ ဇူလိုင်လအတွင်း ပြီးခဲ့တဲ့ ၂၇ ရက်နေ့ ဇူလိုင်လအထိဆိုရင် ကျွန်တော်တို့ ငွေလဲကောင်တာပေါင်း စုစုပေါင်း (၁၃၀၀)ကျော် ဖွင့်ခွင့်ပြုခဲ့ပြီးပါပြီ။ အဲဒီနောက်ပိုင်းလည်း ထပ်ပေးထားပါတယ်။ အဲဒီအပြင်ကို ပြည်တွင်းမှာ ငွေသုံးစွဲမှုကို ကျပ်ငွေနဲ့ ပေးချေရေးကိစ္စကို စီးပွားရေးလုပ်ငန်းရှင်တွေ လိုက်နာစေဖို့အတွက် ဝန်ကြီးဌာနတွေ၊ မိမိတို့ ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဌာနများကနေပြီးတော့ လိုက်နာမှု မရှိလို့ရှိရင် အရေးယူဖို့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက မိမိတို့ ဒေသအတွင်းမှာ ရှိတဲ့ ငွေပေး ချေမှုအားလုံးကို ကျပ်ငွေနဲ့သာ ဖြစ်စေဖို့၊ လိုက်နာရန် ပျက်ကွက်သူတွေကို အရေးယူဖို့ ကျွန်တော်တို့ ပူးပေါင်းညှိနှိုင်းစေဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မှာ ဆိုလို့ရှိရင် နယ်စပ်ကုန်သွယ်ရေးများ ရှိတဲ့အတွက် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေပြီးတော့ ၂၀၀၀ ခုနှစ်၊ ၁၂ လပိုင်းအတွင်းမှာ ကျွန်တော်တို့ အမိန့်ကြော်ငြာစာ ထုတ်ပြီးတော့ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းတွေကို မြန်မာကျပ်ငွေ၊ အမေရိကန်ဒေါ်လာနဲ့ ထိုင်းဘတ်ငွေနဲ့ ခွင့်ပြုခဲ့ပါတယ်။ ဆောင်ရွက်မှု ပြုခဲ့ပါတယ်။ မြန်မာ့စီးပွားရေး ဘဏ်ကလည်း မြန်မာ-ထိုင်းနယ်စပ်ဘဏ်ခွဲတွေမှာ မြန်မာကျပ်ငွေ၊ ထိုင်းဘတ်ငွေနဲ့ အမေရိကန် ဒေါ်လာ ငွေစာရင်းများကို ဖွင့်လှစ်ပေးလျက် ရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ထိုင်းနိုင်ငံနဲ့ ကပ်နေတဲ့နေရာမှာ ထိုင်းနိုင်ငံသုံး ဘတ်ငွေကို ဝယ်ယူရောင်းချပေးတဲ့ တရားဝင် ငွေလဲကောင်တာတွေ (Money Changer) တွေကို ဖွင့်လှစ်ပေးပြီးတော့ ကျပ်ငွေနဲ့လဲလှယ်သုံးစွဲခွင့် ပြုထားပါတယ်။ အဲဒီအပြင်ကို ကျွန်တော်တို့ အိန္ဒိယနဲ့ တရုတ်နိုင်ငံ နယ်စပ်တွေမှာလည်း ကျွန်တော်တို့ ရူပီးနဲ့ ယွမ်မင်ဘီကို ကျွန်တော်တို့ Money Changer Counter မှာ တရားဝင် ဝယ်ယူလဲလှယ်ခွင့်ရှိဖို့အတွက် ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ ခုအချိန်မှာ ပြင်ဆင်လျက်ရှိတဲ့ အစီအစဉ် ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အခုလုပ်နေတဲ့ လုပ်ငန်းတွေကတော့ ပြည်ထောင်စုဝန်ကြီးဌာန အားလုံးနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို ပူးပေါင်းညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက် ရတာ ဖြစ်ပါတယ်။ အဲဒီဥစ္စာဟာ ကျွန်တော်တို့ ညှိနှိုင်းမှု အဆင့်မှာပဲ ရှိပါသေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီလိုမျိုး နိုင်ငံခြားသုံးငွေ သုံးစွဲမှုလျော့ကျဖို့၊ ပြည်တွင်းသုံးငွေ များပြားလာဖို့ဆိုရင် ကျွန်တော်တို့အနေနဲ့ မြန်မာကျပ်ငွေနဲ့ ပေးချေမှုကိစ္စမှာ အရေးယူဆောင်ရွက်ရမယ့် အစီအစဉ်တွေ လည်း ချမှတ်ထားပါတယ်။ ချမှတ်ပြီးတော့ ပြည်သူလူထုကို အခုအချိန်မှာ ကြိုတင်အသိပေးခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများကနေတစ်ဆင့် မိမိ ဆက်စပ်လျက်ရှိတဲ့ လုပ်ငန်းတွေကို အရေးယူ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ဒေသအတွင်းမှာ အရေးယူဆောင်ရွက်ခြင်း စတဲ့ဟာတွေကို ကျွန်တော်တို့ လုပ်နေပါတယ်။ တစ်ဖက်ကလည်း ငွေလဲကောင်တာတွေ ဖွင့်လှစ်ပြီး

တော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ မြန်မာကျပ်ငွေကို လွတ်လွတ်လပ်လပ် လဲလှယ်လို့ရအောင် စီစဉ်နေပါတယ်။

အဲဒီတော့ တကယ်လို့ လိုက်နာမှုမရှိခဲ့လို့ရှိရင် ဘယ်လိုဆောင်ရွက်မလဲ၊ ဘယ်လိုမျိုး အရေးယူမလဲဆိုတာတော့ ကျွန်တော်တို့ ကာလတစ်ခုသတ်မှတ်ပြီးတော့ ပညာပေးကာလတစ်ခုပြီးတဲ့နောက်မှာ ကာလတစ်ခုသတ်မှတ်ပြီးတော့ အရေးယူဆောင်ရွက်သွားမယ့် အစီအစဉ်ရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ်၊ ကုလားမတောင် ကျေးရွာအုပ်စု၊ ဇိုင်ချောင်းကျေးရွာအနီးတွင် တည်ရှိသော ဇိုင်ချောင်း ချောင်းကို တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ် ကုလားမတောင်ကျေးရွာအုပ်စု၊ ဇိုင်ချောင်းကျေးရွာအနီးတွင် တည်ရှိသော ဇိုင်ချောင်း ချောင်းကို တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ပဲ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်၏ ကြုံတွေ့နေရတဲ့ ရေချိုအရင်းအမြစ်ကိစ္စပဲ ဖြစ်ပါတယ်။ အဲဒီမေးခွန်းကို ကျွန်တော် မေးသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၏ ရခိုင်တိုင်းရင်းသားများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် မင်းပြားမြို့နယ် ကုလားမတောင်ကျေးရွာအုပ်စု၊ ဇိုင်ချောင်းကျေးရွာအနီးမှာ တည်ရှိတဲ့ ဇိုင်ချောင်း ချောင်းအား တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဇိုင်ချောင်း ချောင်းဟာ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ်၊ ကုလားမတောင်ကျေးရွာအုပ်စု၊ ဇိုင်ချောင်းကျေးရွာအနီးမှာ တည်ရှိပါတယ်။ ပန်းမြောင်းကြီး ချောင်းမှတစ်ဆင့် လေးမြို့မြစ်ထဲသို့ စီးဝင်သွားပါတယ်။ ဇိုင်ချောင်းဟာ မင်းပြားမြို့နယ်အတွင်း တည်ရှိပြီး ရခိုင်ရိုးမ၏ မြင့်မားသောတောင်တန်းကြားတွင် မြစ်ဖျားခံ စီးဆင်းနေသည့် ချောင်းတစ်ချောင်းလည်း ဖြစ်ပါတယ်။ အမြင့်ပေ(၂၀၀)ခန့် တစ်ဖက်ပိတ်ဆည်ဖို့လိုက်ရုံဖြင့် မင်းပြား၊ မြေပုံ၊ ပေါက်တော (၃)မြို့နယ်ရှိ သိန်းပေါင်းများစွာသော ပြည်သူများ ရေချိုအရင်းအမြစ်ကို နောင်လာမည့် နှစ်ပေါင်းများစွာ သုံးစွဲနိုင်မည့် သဘာဝအနေအထား ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖိုင်ချောင်းမှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူ၍ ရေချိုအရင်းအမြစ် ရရှိရေးနှင့် ပတ်သက်၍ ခေတ်အဆက်ဆက် ယခင် ပါတီကောင်စီခေတ်၊ န.ဝ.တ ခေတ် အစိုးရများသို့ ဒေသခံပြည်သူများမှလည်း တင်ပြထားခဲ့တာကိုလည်း ရှိပါတယ်။ ယခု အချိန်အထိ အဲဒီကိစ္စဟာ အကောင်အထည် မဖော်တာကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြန်မာနိုင်ငံအတွင်း လူမှုဘဝဖွံ့ဖြိုးမှု အနိမ့်ကျဆုံးဖြစ်တဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၏ (၁၇)မြို့နယ်အနက် မင်းပြား၊ မြေပုံ၊ ပေါက်တောမြို့နယ်များဟာ နှစ်စဉ်နှင့်အမျှ နွေရာသီ ရေရှားချိန်တွင် သောက်သုံးရေ အခက်အခဲ အကြီးအကျယ်ခံစားခဲ့ရပါတယ်။ ပြည်နယ်ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး တို့က အဓိက ဖြစ်ပါတယ်။ ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေးတို့ကို တိုးတက်စေပြီး လူမှုဘဝ မြင့်မားနိုင်သည့် အကြောင်းရပ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ယခုကဲ့သို့ ပွင့်လင်းမြင်သာသော ပြည်သူ့ဆန္ဒအခြေပြုသည့် ပါတီစုံဒီမိုကရေစီ အခိုက်ကာလတွင် ပြည်သူများရဲ့ လိုအပ်ချက်များကို ဖော်ဆောင်ရန် ပြည်နယ်အစိုးရအနေဖြင့် မနိုင်နင်းပါက ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးရမည်မှာ နိုင်ငံတော်အကြီးအကဲများ၏ စိတ်ထားစေတနာပေါ်တွင် အလွန်တရာ မူတည်နေပြီး အဓိကကျသည်ဟု ယုံကြည်မိပါတယ်။ ယခု ဖိုင်ချောင်း ချောင်းရေ ရရှိရေးမှာ ပြည်နယ်အစိုးရအနေဖြင့် တည်ဆောက်ပေးရန် ဘဏ္ဍာရန်ပုံငွေ လွန်စွာ အခက်အခဲရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့သမိုင်းမှာလည်း အီဂျစ်နိုင်ငံ သမ္မတကြီး "အန်ဝါဆာဒတ် ၏ အတွေးအမြင်ကြီးမှုကြောင့် နိုင်းမြစ်ဝှမ်းသဲကန္တာရ စိမ်းလန်းစိုပြေရေး အတွက် အဆွမ်" ရေကာတာကို တည်ဆောက်ပေးခဲ့သဖြင့် ယခု အချိန်အထိ အီဂျစ်ပြည်သူများ အကျိုးခံစားလျက်ရှိနေကြပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံသမ္မတကြီး ကျန်ဇီမင်း လက်ထက် လျှိုမြောင် သုံးသွယ်ရေကာတာကြီးကို တည်ဆောက်ပေးခဲ့တော့ တရုတ်ပြည်သူ သန်းပေါင်းများစွာကို ရေအားလျှပ်စစ်နှင့် သောက်သုံးရေကို နောင်လာမည့် နှစ်ပေါင်းများစွာအထိ အကျိုးခံစား ရှိနေကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း ကင်းတားဆည်၊ ကြီးအုံကြီးဝဆည် စသည့် နိုင်ငံတော်အစိုးရအဆက်ဆက် အမြော်အမြင်ကြီးစွာ တည်ဆောက်ပေးခဲ့တဲ့အတွက် ယခုအခါ ဒေသပြည်သူများ သန်းပေါင်းများစွာ အကျိုးခံစားလျက် ရှိနေကြပါတယ်။ ဖိုင်ချောင်းမှ ရေချိုအရင်းအမြစ် ရရှိရန် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသခံ မင်းပြား၊ ပေါက်တော၊ မြေပုံမြို့နယ်များတွင် နေထိုင်လျက်ရှိတဲ့ ရခိုင်တိုင်းရင်းသားများ၊ လူမျိုးများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ် ကုလားမတောင်ကျေးရွာအုပ်စု၊ ဖိုင်ချောင်းကျေးရွာအနီးတွင် တည်ရှိပြီး ရေချိုအရင်းအမြစ် သောက်သုံးရေအပြင် ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝကို ပြောင်းလဲနိုင်သည့် ရေအားလျှပ်စစ်နှင့် စိုက်ပျိုးရေ ဖူလုံစွာ ရရှိနိုင်သည့် ဖိုင်ချောင်း ဘက်စုံရေလှောင်တမံအား ပြည်ထောင်စုအစိုးရအဖွဲ့တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ မေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ် ကုလားမတောင်ကျေးရွာအုပ်စု၊ ဖိုင်ချောင်း ကျေးရွာအနီးမှာ တည်ရှိတဲ့ ဖိုင်ချောင်း ချောင်းကို တစ်ဖက်ပိတ်ဆည် တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိဖို့နှင့် ရေအားလျှပ်စစ် ထုတ်လုပ်ဖို့အတွက် ရေလှောင်တမံ တည်ဆောက်ဖို့ အဆိုပြုတဲ့နေရာဟာ မင်းပြားမြို့နယ်၊ ဖိုင်ချောင်း ကျေးရွာရဲ့ အရှေ့မြောက်ဘက် (၁)မိုင်ခန့်အကွာ ဖိုင်ချောင်း ချောင်းပေါ်မှာ တည်ရှိပါတယ်။

အဆိုပါချောင်းအနေနဲ့ ရခိုင်ရိုးမကနေ မြစ်ဖျားခံစီးဆင်းပြီး လေးမြို့မြစ်ရဲ့ လက်တက်ဖြစ်တဲ့ ပန်းမြောင်းချောင်းထဲကို စီးဝင်လျက်ရှိပြီးတော့ မိုးရာသီမှာ ရေစီးအားများတဲ့ ချောင်းတစ်ခု ဖြစ်ပါတယ်။ ဒေသရဲ့ ရေမြေ ရာသီဥတုအရ မင်းပြားမြို့နယ်ဟာ ရေချို အရင်းအမြစ် ရှားပါးပါတယ်။ ဒါကြောင့် မိုးရေကိုသာ အဓိက အားထားရပြီး နွေရာသီမှာ စိုက်ပျိုးရေ၊ သောက်သုံးရေ ရှားပါးရတဲ့ အခက်အခဲနဲ့ ကြုံတွေ့ရလေ့ရှိကြောင်း သိရပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ မိုးရာသီမှာ ကိုမန် ဆိုင်ကလုန်းမုန်တိုင်းရဲ့ အရှိန်ကြောင့် လေးမြို့မြစ်မှ မြစ်ရေလျှံပြီးတော့ မင်းပြားမြို့နှင့် ကျေးရွာတွေ ရေလွှမ်းမှု ခံခဲ့ရပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေအများကလည်း မဟာဓာတ်အားလိုင်းက လျှပ်စစ်ဓာတ်အား ရရှိမှု အလှမ်းမမီတဲ့အနေအထားရှိကြောင်း သိရှိရပါတယ်။

ဒါကြောင့် ဖိုင်ချောင်းရေလှောင်တမံ တည်ဆောက်ပါက မင်းပြားမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ စိုက်ပျိုးရေ၊ သောက်သုံးရေ ဖူလုံစွာရပြီး လေးမြို့မြစ် ရေကြီးရေလျှံကနေ လျော့ပါး သက်သာစေမယ့်အပြင် ရေအားလျှပ်စစ်လည်း အထိုက်အလျောက် ထုတ်လုပ်နိုင်မယ့် အခြေအနေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ ပုံမှန်အားဖြင့် မိုးရေချိန်လက်မ(၂၀၀)ကျော် ရွာသွန်းပါတယ်။ ဘင်္ဂလား ပင်လယ်အော်မှ မုန်တိုင်းတွေကြောင့်လည်းပဲ ထူးကဲမိုးရေချိန်များနဲ့ ရွာသွန်းလေ့ရှိတဲ့ ဒေသဖြစ်တဲ့ အတွက် ရေလှောင်တမံ တည်ဆောက်ဖို့ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုတွေကို ဦးစွာ ဆောင်ရွက် ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လိုအပ်သော မြေပြင်တိုင်းတာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းနဲ့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်နိုင်မှု ရှိ/မရှိ စီမံကိန်း ကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှု ရှိ/မရှိ ဆန်းစစ်လေ့လာတဲ့ လုပ်ငန်းတွေကိုလည်း အချိန်ယူ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ တစ်ဖက်ပိတ်ဆည် တည်ဆောက်ဖို့ရန် လတ်တလောအားဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း စူးစမ်းလေ့လာမှုများ ဆောင်ရွက်ပြီးတဲ့နောက် ရေလှောင်တမံ တည်ဆောက်ဖို့ ဖြစ်မြောက်နိုင်စွမ်းရှိပြီးတော့ ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်တွက်ခြေကိုက်မှု အမှန်တကယ် အကျိုးဖြစ်ထွန်းမှု အခြေအနေကို အခြေခံပြီး ဒီဇိုင်းပြုစုကာ ခန့်မှန်းကုန်ကျငွေကို တွက်ချက်သွားပါမယ်။ လိုအပ်တဲ့ ရန်ပုံငွေကိုလည်းပဲ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ အဆိုပါ တစ်ဖက်ပိတ်ဆည် တည်ဆောက်နိုင်ရေးအတွက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)၏ မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် (အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ) အဆိုတင်သွင်းထားတဲ့ မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၃၃။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးပြည့်စုံသော ငါးလုပ်ငန်း တက္ကသိုလ်ကြီးတစ်ခု ဖြစ်ဖို့အတွက် အစိုးရ၏ ပံ့ပိုးမှုပါဝင်တဲ့ ကိုရီးယားနိုင်ငံရဲ့ ရေလုပ်ငန်းနဲ့ ပတ်သက်၍ အကြီးဆုံးတက္ကသိုလ်ဖြစ်တဲ့ Pukyoun National University ရဲ့ အစုအဖွဲ့ပုံစံကို တင်ပြပါမယ်။ ၎င်းတက္ကသိုလ်ကြီးတွင် ရေလုပ်ငန်းနှင့် သိပ္ပံပညာရပ်များနှင့် ပတ်သက်၍ လုပ်ဆောင်နေသာဌာနများ ရှိပါတယ်။ ၎င်းဌာနများမှာ (၁) Food and Science Technology ဌာနသည် ပင်လယ်အစားအစာနှင့် ပတ်သက်၍လည်းကောင်း၊ နည်းစနစ်များကိုလည်းကောင်း သုတေသနပြုလုပ်သောဌာန ဖြစ်ပါတယ်။ (၂) Food Science and Nutritious ဌာနသည် အစားအစာ သိပ္ပံနှင့် အာဟာရဌာန ဖြစ်ပါတယ်။ အစားအစာဒီဇိုင်းနှင့် အာဟာရဘာသာရပ်များတွင် အထူးပြုလေ့လာသောဌာန ဖြစ်ပါတယ်။

(၃) Biotechnology ဌာနသည် ပင်လယ်အစားအစာ သိပ္ပံပညာရပ်များနှင့် ပိုမိုရေခင်မိသော ဌာနဖြစ်ပြီး မျိုးရိုးဗီဇများ၊ မျိုးပွားခြင်းနှင့်ဆိုင်သော သိပ္ပံပညာရပ်များ၊ ရေညှိ ၊ ပင်လယ်ရေမှော် ၊ ငါး များ၏ ဆဲလ်များ ငါးများကို အသုံးပြု၍ ဇီဝဖြစ်စဉ် နည်းပညာများအပေါ်တွင် အထူးပြုလေ့လာသော ဌာန ဖြစ်ပါတယ်။ (၄) Marine Production System Management ဌာနသည် ငါးဖမ်းခြင်းလုပ်ငန်းများကို အထူးပြုလေ့လာသော ပညာရပ် ဖြစ်ပါတယ်။ ငါးဖမ်းခြင်းလုပ်ငန်း ၊ အင်ဂျင်နီယာလုပ်ငန်း၊ ပင်လယ်ရေကြောင်းနေရာများနှင့် သုတေသနပြုလုပ်ခြင်း၊ ငါးဖမ်းလုပ်ငန်းများတွင် ရှိသောစံနှုန်းများ ၊ စည်းမျဉ်းဥပဒေများ၊ ငါးဖမ်းသမားများ ငါးဖမ်းခြင်းလုပ်ငန်းများ၊ ငါးဖမ်းသမားများ၏ပြစ်မှုနှင့် ပြစ်ဒဏ်များ တရားမဝင် ငါးဖမ်းခြင်းကို ကြိုတင်ကာကွယ်တားဆီးခြင်းများနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ လေ့လာစောင့်ကြည့်ခြင်းများကို ဆောင်ရွက်ပါတယ်။

(၅) Marine Bio Material and Aquaculture ဌာန ဖြစ်ပါတယ်။ မွေးမြူရေးနှင့် တိရစ္ဆာန်အစာကို သုတေသနလုပ်တဲ့ဌာန ဖြစ်ပါတယ်။ (၆) Marine Biology ငါးမျိုးစိတ်များကို သုတေသနလုပ်တဲ့ဌာန ဖြစ်ပါတယ်။ (၇) Medicine ဆေးဝါးဌာန ဖြစ်ပါတယ်။ ငါးတွေရဲ့ ရောဂါကို ရှာဖွေတဲ့ သုတေသနဌာန ဖြစ်ပါတယ်။ (၈) Fishery Education ဌာနသည် ရေလုပ်ငန်းနဲ့ပတ်သက်ပြီး အသိပညာပေးတဲ့ လုပ်ငန်းဌာန ဖြစ်ပါတယ်။ (၉) Marine Business Economic ဌာနသည် ကုန်သွယ်ရေးအကြောင်း၊ ဈေးကွက်အကြောင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ကုန်ထုတ်လုပ်ခြင်းအပိုင်း လုပ်ထုံးလုပ်နည်းတွေကို သင်ကြားပေးပါတယ်။ စီးပွားရေးစီမံခန့်ခွဲမှု ငါးဖမ်းလုပ်ငန်းနှင့် ပတ်သက်ပြီး မူဝါဒတွေကို သင်ကြားပါတယ်။ ငါးဖမ်းလုပ်ငန်း သိပ္ပံဘာသာမှာ အဓိက အရေးပါသော ဌာနတစ်ခုလည်း ဖြစ်ပါတယ်။ ဌာနတစ်ခုနှင့် တစ်ခုလည်း ချိတ်ဆက်ဆောင်ရွက်မှုရှိပါတယ်။

မြန်မာနိုင်ငံမှာ ဒီလိုတက္ကသိုလ်မျိုး တည်ထောင်တော့မယ်ဆိုရင် အထက်ပါ ဌာနတွေ ပါရှိဖို့ လိုအပ်ပါတယ်။ ဒီလိုတက္ကသိုလ်က ကျောင်းပြီးတာနဲ့ အစိုးရဆီ ၊ လုပ်ငန်းရှင်ဆီကို ရောက်သွားတဲ့အခါ ဒီဥပဒေတွေကို နားလည်သွားပြီး သူ့လိုင်းနှင့်သူ ခွဲသွားမယ် Policy ပိုင်း သွားမယ့်သူ ပါမယ်။ အုပ်ချုပ်ရေးပိုင်း သွားမယ့်သူ ပါမယ်။ သဘော်ဘက်သွားမယ့်သူ ၊ မွေးမြူရေးဘက် သွားမယ့်သူ ရှိမယ်။ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်ထဲမှာ အငြင်းပွားမှု ဖြစ်လျှင်လည်း အဲဒီကျောင်းက လူတွေကပဲ အပြည်ပြည်ဆိုင်ရာ ဘာသာရပ်နှင့် ဖြေရှင်းရတာ ဖြစ်တယ်။ ဒါကြောင့် ဒီကျောင်းက ထွက်သွားလျှင် အစုံတတ်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ငါးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည့် ငါးလုပ်ငန်း တက္ကသိုလ်တစ်ခုကို ဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံတကာအကူအညီ အထောက်အပံ့များရရှိရေး၊ ကြိုးပမ်းလျက်ရှိပြီး ရရှိပါက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရန် စီစဥ်နေကြောင်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုဒုတိယဝန်ကြီး ဦးခင်မောင်အေး က ပြောဆိုသွားပါတယ်။

ဒါပေမဲ့ အခုအချိန်အထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ ငါးလုပ်ငန်း တိုးတက်ထွန်းကားနေသည့် နိုင်ငံများဖြစ်သော အိမ်နီးချင်း ထိုင်း၊ ဗီယက်နမ်အပြင် အာရှဒေသအတွင်း ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန် ၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယတို့အပြင် အမေရိကန်၊ ကနေဒါ စသည့် နိုင်ငံများသည် ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ပညာရပ်ဆိုင်ရာ ငါးတက္ကသိုလ်များကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ အထက်ဖော်ပြပါ နိုင်ငံများသည် ကျွန်တော်တို့နိုင်ငံလောက် ငါးလုပ်ငန်းအတွက် ရေ၊ မြေ၊ သဘာဝအခြေအနေ မကောင်းပါလျက် အဘယ်ကြောင့် ဤမျှ တိုးတက်ရသည်ကို ဆန်းစစ်ကြည့်ရာ နိုင်ငံတော် စီမံခန့်ခွဲနေသူများက (၁) နိုင်ငံငါးကဏ္ဍ၏ အရေးပါမှုကို သိရှိသဖြင့် အထူးတန်ဖိုးထားခြင်း၊ (၂) ဥပဒေဘောင်တွင် လိုအပ်သလို ပံ့ပိုးထောက်ကူပြုခြင်း၊ (၃) ငါးပညာနှင့် ငါးလုပ်ငန်းဆိုင်ရာ သုတေသနနှင့် ပညာပေးရေးလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်ခြင်းနှင့် (၄) အားလုံးတူညည့်အဓိကအချက်မှ ငါးပညာရှင်၊ ငါးလုပ်ငန်း နည်းပညာရှင်တွေ ငါးလုပ်ငန်းစီးပွားရေး လုပ်ကိုင်လိုသူများ ပေါ်ပေါက်လာစေရန် ငါးတက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ပေးခြင်းတို့ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေသော နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့ တက္ကသိုလ် မရှိတဲ့အတွက် နည်းပညာလည်း အားနည်းခဲ့ရပါတယ်။ နည်းပညာ အားနည်း ခဲ့ရတဲ့အတွက် ရေ၊ မြေ ၊ သဘာဝအခြေအနေကောင်းများ ရှိနေပါသော်လည်း လုပ်သလောက် မတိုးတက်ဘဲ နိုင်ငံတကာနှင့် ယှဥ်လိုက်ရင် များစွာနောက်ကျကျန်ရစ်ခဲ့၍ မြန်မာနိုင်ငံရှိ အလုပ်သမား ပြည်သူများကလည်း မိမိတို့နိုင်ငံတွင် ပိုမိုတိုးတက်သော အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှားနိုင်ငံများတွင် သွားရောက်ပြီး ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်ကြသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လုပ်သားအင်အားလည်း များစွာဆုံးရှုံးနေရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံတွင် ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် တန်းတူ တိုးတက်ထွန်းကားလာစေရန် ငါးလုပ်ငန်းနှင့် ပတ်သက်တဲ့ တက္ကသိုလ်တစ်ခုကို ပထမအကြိမ် လွှတ်တော်သက်တမ်းက မဆောင်ရွက်နိုင်ခဲ့ပေမယ့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ပြီးပြည့်

စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခုကို ဖွင့်လှစ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း တင်ပြရင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ၏ အဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေး ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မျိုးဝင်း က လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ မြန်မာ့သားငါး ထုတ်ကုန်များဟာ ပြည်ပတင်ပို့ရန်အတွက် အခွင့်အခါအကောင်းဆုံး အချိန်အခါ ဖြစ်နေပါတယ်။ ဥရောပသမဂ္ဂနိုင်ငံများသို့ တရားဝင် လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်ပြီး ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများနည်းတူ အကောက်ခွန်ဆိုင်ရာ ကင်းလွတ်ခွင့်များလည်း ရရှိနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ မြန်မာ့ရေပြင်ပိုင်နက် အနည်းငယ်ကိုသာ ငါးဖမ်းလုပ်ငန်းအတွက် အကျိုးရှိရှိ သုံးစွဲလျက်ရှိပြီး ငါးနှင့် ရေထွက်လုပ်ငန်းများအတွက် ရေချိုငါးကန် ဧက(၄၈၀၀၀၀)ခန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

ရေချိုငါးနှင့် ပုစွန်မွေးမြူထုတ်လုပ်ခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ အစားအစာ ထုတ်လုပ်ခြင်း၊ ငါးနှင့် ပင်လယ်ရေထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အအေးခန်း စည်သွပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သားငါး ကဏ္ဍအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရေးဆိုင်ရာ ပညာရေးနှင့် သုတေသနသင်တန်းကျောင်းများ တည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံမှာ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု တည်ထောင်ဖွင့်လှစ်ပေးဖို့ရန် မရှိမဖြစ် လိုအပ်နေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှု လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးဟာ အဓိက အခန်း ကဏ္ဍမှ ပါဝင်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း (၂)ခုစလုံးအတွက် အမြဲရှင်သန်နိုင်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရေးကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးကိုလည်း ကြိုးစား

ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဆင်းရဲမှု လျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေး ချေးငွေတစ်ခုတည်းဖြင့် မလုံလောက်ပါ။ နည်းပညာ၊ အတတ်ပညာများ ပံ့ပိုးပေးဖို့ရန်လည်း လိုအပ်ပါတယ်။

လက်ရှိအခြေအနေမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ချေးငွေ၊ JICA ချေးငွေများ အထောက်အပံ့ပြုနေတာကို တွေ့ရပါတယ်။ ဒီချေးငွေများဖြင့် လုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ စိစစ်ဖို့ရန် လိုအပ်ပါတယ်။ စိစစ်ရမယ့်နည်းကတော့ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးမွေးမြူရေးကော်မတီရဲ့ အစီရင်ခံစာပါ သုံးသပ်ချက်အတိုင်း ဒေသခံ ဆင်းရဲနွမ်းပါးသူများရဲ့ စီးပွားရေးတိုးတက်မှုအခြေအနေကို အကဲဖြတ် စိစစ်ရန် ၊ လက်တွေ့မြေပြင်အနေအထားအရ အကြွေးသံသရာလည်နေမှုများကို ဆန်းစစ်ရန်၊ Output နဲ့ Outcome ကို မူတည်၍ စောင့်ကြည့် လေ့လာအကဲဖြတ်ရန်တို့ ဖြစ်ပါတယ်။ အမှန်တကယ်တော့ ချေးငွေနဲ့ နည်းပညာပံ့ပိုးပေးရုံမက စဉ်ဆက်မပြတ် အနီးကပ်ကြီးကြပ်ပြီး အဆုံးသတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများမှာ ချေးငွေဖြင့် ဆင်းရဲမှု လျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့ သာဓကများ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းစားသုံးမှု ဖူလုံပြီး အာဟာရ ပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် နိုင်ငံတော်မှ အရင်းအနှီးစိုက်ခဲ့ပြီး ငါးသားပေါက်စခန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ကာ ငါးမျိုးများ စိုက်ထည့်ပေးဖို့ရန် လိုအပ်ပါတယ်။ နိုင်ငံအဝန်းမှာရှိတဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်များကို ငါးမျိုးများ စိုက်ထည့်ပေးဖို့ရန် လိုအပ်ပါတယ်။ သီးနှံနဲ့ စိုက်ပျိုးရေးရောနှောပြီး ငါးမွေးမြူတဲ့ ငါး၊ စပါး စီမံကိန်းမျိုးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။ စားသုံးမှုဖူလုံရုံမျှမက ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ အချို့သောနိုင်ငံများမှာ စပါးနဲ့အတူ ငါးရှဉ့်၊ ပုစွန်များကိုပင် အောင်မြင်စွာ မွေးမြူနိုင်နေကြပါပြီ။ မြန်မာနိုင်ငံရဲ့ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများရဲ့ မွေးမြူရေးကို အထောက်အကူပြုစေရေးအတွက် ငါးလုပ်ငန်း တက္ကသိုလ်ကြီးတစ်ခု မဖြစ်မနေ ပေါ်ထွန်းဖို့ရန် လိုအပ်နေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အစိုးရသစ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ (၆.၃)ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ဒီဖွံ့ဖြိုးမှုနှုန်းဟာ ကမ္ဘာ့ဖွံ့ဖြိုးမှုနှုန်း အကောင်းဆုံး (၅)နိုင်ငံထဲကနှုန်း ဖြစ်ပါတယ်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က လက်ရှိဘဏ္ဍာရေးနှစ်နဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို (၇.၃)ရာခိုင်နှုန်း ရှိမယ်လို့ မှန်းထားပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုကို ကြည့်ပါကလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပထမ(၄)လတာကာလမှာကိုပဲ အမေရိကန်ဒေါ်လာဘီလီယံ (၃)ဘီလီယံကျော်ရှိနေပြီဖြစ်ပါတယ်။ မှန်းထားတဲ့ (၆)ဘီလီယံရရှိရေးမှာ အခြေအနေ ကောင်းနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေး မြှင့်တင်နိုင်ရန်အတွက် ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးကို အထောက်အကူပြုပေးမယ့် တက္ကသိုလ်ကြီး တစ်ခု ပေါ်ထွန်းရေးဟာ မရှိမဖြစ် လိုအပ်နေပြီဖြစ်ကြောင်း ထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၉။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ရဲ့ အဆိုကို ကျွန်တော် အကြံပြု ဆွေးနွေးမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုရန် တောင်းခံပါတယ်ခင်ဗျား။ ဒီထဲမှာ ကျွန်တော်တို့ ဒီအဆိုမှာ အုပ်စု(၂)ခု တွေ့ရပါတယ်။ အုပ်စုခွဲကြည့်တဲ့အခါမှာ ရေရှည်လုပ်ရမယ့် အလုပ်ဖြစ်တယ်၊ အချိန်လည်း လိုတယ်၊ ပညာရှင်တွေလည်း လိုပါတယ်။ သုတေသနအတွက် တီထွင်ဖန်တီးမှု၊ Innovation၊ Creation အတွက် လုပ်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါဟာ University လည်း ဖြစ်ပါတယ်။ University ဖြစ်တဲ့အတွက် Professional ကို (၄) (၅)နှစ် အချိန်ယူပြီး လုပ်ရမယ့်လုပ်ငန်း ဖြစ်ပါတယ်။

နောက်အုပ်စု (ခ)မှာတော့ အချိန်တိုအခြေအနေမှာ ဖြေရှင်းဖို့ လိုပါတယ်။ ပကတိ အရေးပေါ် လိုအပ်နေတဲ့အခြေအနေ ဖြစ်ပါတယ်။ ကျွန်တော်တို့က Production ကို သွားရမယ့် ကိစ္စ ဖြစ်ပါတယ်။ သွားမယ်ဆိုရင် ကျွန်တော်တို့ Diploma အဆင့်၊ (၆)လ(၉)လ၊ Vocational Training School (၃)လ၊ (၄)လ နောက် On Job Training (၁)လသင်တန်း ဒါမျိုးတွေ ကျွန်တော်တို့ ဖွင့်သင့်ပါတယ်။ ဒါမှ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးမယ်။ ကျွန်တော်တို့ GDP တိုးတက်ဖို့အတွက် အမြန်ဆုံး လုပ်နိုင်မယ့်ကိစ္စဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေရဖို့လည်း လိုအပ်ပါတယ်။ ကျေးလက် နေပြည်သူတွေရဲ့ ဆင်းရဲသားမှုလျှော့ချရေးပြဿနာ အဲဒီကနေ စဉ်းစားနိုင်ပါတယ်။ ကျွန်တော် အခု ဒီမှာ ကျွန်တော် S-W-O-T (Strength/ Weakness/ Oportunity/ Threat) နည်းနဲ့ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်း၊ ခြိမ်းခြောက်မှုတွေကို သုံးသပ်ထားတာ ရှိပါတယ်။

ဒီထဲမှာ ကျွန်တော်တို့ အားသာချက်၊ အားနည်းချက်အစား Weakness ကို ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဒီ တက္ကသိုလ်ကြီးဖွင့်ခဲ့ရင် အကြွေးနဲ့ ရင်းနှီးလည်ပတ်ရမှာ ဖြစ်ပါတယ်။ အရင်းအနှီး များပါတယ်။ Risk and Return ပါ။ ဒါကျွန်တော်တို့ IR ဆိုတဲ့ ချေးငွေအတိုကောက် ကိုက်၊ မကိုက် ရေရှည်အတွက်ဖြစ်သော်လည်း လတ်တလောမှာ အကြွေးနစ်နိုင်ပါတယ်။ လက်ရှိ ဆင်းရဲမှုလျှော့ချရေး ပြဿနာကို မရှင်းနိုင်ဘဲနဲ့ အကြွေးပေါ် အကြွေးဆင့်တဲ့ပြဿနာလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါ လူသား အရင်းအမြစ်လည်း လိုပါတယ်။ ဆရာလိုသလို ကျောင်းသားတွေလည်း လိုပါတယ်။ ကျောင်းသားတွေ ကလည်း ငါးမွေးမြူရေးတက္ကသိုလ် တက်ပြီးရင် အလုပ်ရရပါမယ်။ တက်ပြီးလို့ရှိရင် တက်ချင်တဲ့ဆန္ဒ ရှိဖို့ ရှိမလား ဆိုတာကို ဒါ သူတို့ရဲ့ သဘောထားတွေကို စောင့်ကြည့်ဖို့ လိုပါတယ်။

နောက် အခွင့်အလမ်းအနေနဲ့ကတော့ နိုင်ငံခြားတက္ကသိုလ်ကြီးဖွင့်တဲ့အတွက် ဒါ ကျွန်တော်တို့ စာတမ်းဖတ်တာတို့၊ ညီလာခံတို့ ဒါတွေသွားတာလာတာ လုပ်ရမှာပါ။ ကျွန်တော် အခု နောက်ထပ် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းပုံနဲ့ ကျွန်တော် ဝေဖန်ပါမယ်။ အဖွဲ့အစည်းတစ်ခုမှာ မန်နေဂျာရယ် ကျွန်တော်တို့ တာဝန်ခံအရာရှိ၊ လုပ်ငန်းကြီးကြပ်တဲ့လူရယ်၊ အလုပ်သမားရယ် တွက်ကြည့်လို့ရှိရင် အလုပ်သမားနဲ့ ကျွန်တော်တို့အပေါ်မှာ ကြီးကြပ်တဲ့လူဟာ ၁း၅၀ ၊ ၁၀၀ လောက် ရှိပါတယ်။ တကယ်တမ်း ကျွန်တော်တို့ အမြန်ဆုံး၊ အရင်ဆုံး ဒီလုပ်ငန်းကို တိုးတက်အောင်လုပ်ဖို့ လုပ်သင့်တာ ကတော့ အခြေခံ ပညာမူလတန်းက ဘွဲ့ရပြီး ငါးလုပ်ငန်း သက်မွေးကျောင်းဆင်းနဲ့ ဒီပလိုမာသင်တန်း တက်ပြီးတော့ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ အသေးစား၊ အလတ်စား ငါးမွေးမြူ ရေးလုပ်ငန်းများဖြစ်စေ လုပ်ကိုင်ပြီး နိုင်ငံရဲ့ပြဿနာကို အရင်ဆုံး၊ အမြန်ဆုံး ရှင်းဖို့လိုတယ်လို့ ကျွန်တော် မြင်ပါတယ်။

မကြာခင်မှာ ကျွန်တော်တို့ မလေးရှား၊ ထိုင်းနိုင်ငံမှာ အလုပ်လုပ်နေတဲ့ အလုပ်သမားတွေ ဟာ အခုဆိုရင်(၅)သိန်းမက ရှိနေတာဟာ ပြန်လာဖို့ရှိပါတယ်။ ဒီအလုပ်သမားတွေ အလုပ်ရဖို့ဟာ ခု ဒီသင်တန်းတွေ အချိန်တိုဖွင့်လိုက်ရင် သူတို့ဟာ အလုပ်လုပ်ဖို့ လုပ်ချင်တဲ့ဆန္ဒ ရှိပါမယ်။ ကျွန်တော်တို့ သင်္ဘောသားကလည်း (၅၀၀၀)လောက် လက်ရှိသင်္ဘောသားတွေဟာ အလုပ်လက်မဲ့ ဖြစ်နေပါတယ်။ မနေ့က Workshop မှာ ကျွန်တော် ဆွေးနွေးတဲ့အခါမှာ သူတို့လည်း ဒီလုပ်ငန်းကို အလွန်စိတ်ဝင်စား ပါတယ်။ တစ်နှစ်၊ နှစ်နှစ်ခန့် ငါးမွေးမြူခြင်းရဲ့ ရလဒ်ကောင်းကို ပြည်သူတွေ သိပြီးမှသာ ယခုတင်ပြတဲ့ ပြီးပြည့်စုံတဲ့ တက္ကသိုလ်ကြီး ဖွင့်နိုင်ပါကြောင်း ကျွန်တော် အကြံပြုလိုပါတယ်။

ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တွေကတော့ ဥပဒေဆိုင်ရာ လိုအပ်ချက် တွေမှာ တည်ဆဲဥပဒေနဲ့အညီ ငါးမွေးမြူသမားတွေအတွက် လုပ်ကိုင်မှုတွေရအောင် လုပ်ပေးဖို့ လိုပါ တယ်။ လယ်ယာမြေဥပဒေ၊ မြေလွတ် မြေရိုင်းဥပဒေများနဲ့အညီ လွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့အတွက် ပိုင်ဆိုင်မှုတွေ၊ လုပ်ငန်းဆိုင်ရာ အဟန့်အတား ကန့်သတ်ချက်တွေ ဖြေလျှော့ပေးဖို့ လိုပါတယ်။ ငါးလုပ်ငန်း ဆိုင်ရာ ဥပဒေတွေမှာ မွေးမြူခြင်း၊ ဖမ်းဆီးခြင်းကို တိုးတက်ဖွံ့ဖြိုးစေမယ့် ပြဋ္ဌာန်းချက်တွေ ထည့်သွင်း ဖို့လိုပါတယ်။ အရင်းအနှီးနဲ့ နည်းပညာတွေ ကျွန်တော်တို့ လုပ်ရပါမယ်။ သက်ဆိုင်ရာဌာနတွေမှာ အရင်းအနှီး ထုတ်ပေးရမယ်။ ပိုင်ဆိုင်ထားတဲ့ ငါးကန်၊ မြေတွေကို ပေါင်နှံ ရောင်းချပိုင်ခွင့် ရှိရပါမယ်။ တန်းဖိုးမြှင့် ထုတ်နိုင်ခြင်းတွေ လုပ်နိုင်ရမယ်။ နိုင်ငံတကာ ဈေးကွက်ရှာခြင်းနဲ့ စံချိန်စံညွှန်း တိုးတက်အောင် ကိုက်ညီခြင်း၊ နောက် မိမိရေထွက်ပစ္စည်း နိုင်ငံတကာအဆင့် Quota System ထဲမှာ ကျွန်တော်တို့ ကုန်သွယ်ရေးအခွင့်အလမ်း GSP တွေနဲ့ အပြည့်အဝ အသုံးချနိုင်အောင်လုပ်ရပါမယ်။

ငါးတက္ကသိုလ် မဖွင့်မီမှာ ကျွန်တော်တို့ဟာ နိုင်ငံခြားပညာတော်သင်တွေ စေလွှတ်မယ်။ ကျွန်တော်တို့ ကမ်းရိုးတန်းမှာရှိတဲ့ တနင်္သာရီတိုင်း၊ ဧရာဝတီ၊ ရခိုင်၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း စတဲ့ ဒေသမှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်တွေမှာ ကျွန်တော် မဟာဌာနတွေကို ဖွင့်ပြီး တော့ အရင်ဆုံး ကျွန်တော်တို့ ဒီ ငါးပညာနဲ့ ပတ်သက်တာကို သင်ဖို့ လိုပါလိမ့်မယ်။ လက်ရှိလည်း ရေဆင်းတက္ကသိုလ်မှာ ဆိုလို့ရှိရင် မကြာခင်မှာ Aquaculture and Fisheries Department ဖွင့်ပြီး တော့ ငါးမွေးမြူဖမ်းဆီးရေး ဘွဲ့လွန်သင်တန်းတွေ လုပ်မယ်လို့ ကြားသိရပါတယ်။ စိုက်ပျိုးရေး

တက္ကသိုလ် သိပ္ပံတွေမှာလည်း ငါးနဲ့ဆိုင်ရာသင်တန်းတွေ ရှိပါတယ်။ မော်လမြိုင်တို့ ကျွန်တော်တို့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေမှာ ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ လတ်တလောဖြစ်နေတဲ့ ပြဿနာကို ဖြေရှင်းဖို့အတွက် အဲဒီကျောင်းတွေပါ ဖွင့်လှစ်ဖို့ လိုပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော် ပြောလိုတာကတော့ ကျွန်တော်တို့ အသေးစားကနေ စလုပ်ကြပါစို့။ အသေးစားကနေ ကျွန်တော်တို့ စလုပ်ကြပါစို့။ ဒါမှသာ နိုင်နိုင်နင်းနင်းနဲ့ အောင်မြင်ခြင်းကို ရရှိကြပါလိမ့်မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ အခု ဆွေးနွေးနေကြတဲ့ ငါးတက္ကသိုလ် ဖွင့်လှစ်ရေးအဆိုကို ကြားသိသိချင်း စိတ်ဝင်တစား အကြံပြုချက်များနဲ့ မြန်မာ့ရေလုပ်ငန်းအမှန် ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ရေလုပ်ငန်းပညာရှင်များရဲ့ သုံးသပ်ချက်အချို့ကို ကိုးကားပြီး ထောက်ခံဆွေးနွေးလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံတော်ဟာ အာဆီယံမှာ အကျယ်ဆုံးနိုင်ငံ၊ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းမြစ်ကြီး လေးသွယ်နဲ့ မြစ်လက်တက်များ ကမ္ဘာပေါ်မှာ ရေသယံဇာတပိုင်ဆိုင်မှုအဆင့်(၁၄)၊ ကမ္ဘာ့အသန့်ရှင်းဆုံး ကမ်းရိုးတန်းစာရင်းဝင်၊ မရေတွက်နိုင်တဲ့ ပိုက်ကွန်သဖွယ် မြစ်ချောင်းငယ်တို့နဲ့ ဖွဲ့စည်းထားတဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကြီး၊ တစ်နှစ်မှာ (၄)လမှ (၆)လအထိ ရေဖုံးလွှမ်းနေတဲ့ ခန့်မှန်း ဟက်တာ(၆)သန်းခန့်ရှိ ရေဝင်မြေများ၊ ကျွန်းပေါင်း(၈၀၀)ကျော်ရှိ သဘာဝရေသြဇာနဲ့ ငါးစာများကြွယ်ဝသော ပင်လယ်ကမ်းရိုးတန်းများ၊ တည်ဆောက်ပြီး ရေလှောင်ဆည်ကြီးများ စတဲ့ ရေသယံဇာတ အရင်းအမြစ်ကောင်းများ ပိုင်ဆိုင်ထားတဲ့နိုင်ငံ ဖြစ်နေရုံမက တောင်နဲ့ မြောက် တန်းနေမှုကြောင့် အအေးသမအပူပိုင်း သုံးခုစလုံးကို တစ်နိုင်ငံတည်းမှာ နေရာခွဲပြီး တစ်ပြိုင်တည်း ရရှိခံစားနိုင်တဲ့ တစ်ခုတည်းသော အာဆီယံနိုင်ငံ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့လည်း ရေသတ္တဝါမျိုး မျိုးကွဲပေါင်းများစွာကို မတူသော ရာသီ၊ ဒေသ၊ ပထဝီအလိုက် စုံလင်အောင်တွေ့နိုင်ပြီး ငါးမျိုးစိတ်ပေါင်း ထောင်ကျော်ရှိမယ်လို့ ခန့်မှန်းသိရှိရပါတယ်။ ဒီလောက်ပေါများ၊ ထူးခြား ကြွယ်ဝလှတဲ့ ရေသယံဇာတတွေကို ဘယ်လို ထုတ်ယူသုံးစွဲနေသလဲဆိုရင် ငါးလုပ်ငန်းဦးစီးဌာနရဲ့ နောက်ဆုံးထုတ်ပြန်စာရင်းဇယားအရ ငါးတန်ချိန်သန်းပေါင်း (၅.၃)ဝန်းကျင်ထုတ်လုပ် ခဲ့ပြီး စုစုပေါင်းထုတ်လုပ်မှုရဲ့ (၁၀)ရခိုင်နှုန်းအောက်ကို ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာသန်း (၆၀၅.၈၂၉) တင်ပို့ခဲ့လို့ နိုင်ငံတော်ရဲ့ GDP အနေနဲ့ သားငါးကဏ္ဍအရ အထက်အဆင့်မှာ ရှိနေပြီး ပုံစံအမျိုးမျိုးနဲ့ ပြည်တွင်းလိုအပ်ချက်တွေကိုပါ တွက်လိုက်ရင် မြန်မာ့ငါးကဏ္ဍရဲ့ အရေးပါပုံကို ခန့်မှန်းနိုင်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့နဲ့ ဆက်စပ်နေတဲ့ နိုင်ငံတွေနဲ့ ယှဉ်လိုက်ရင်တော့ လူဦးရေ (၆၈)သန်းရှိတဲ့ ထိုင်းက US ဒေါ်လာ(၇၅၀၀)သန်း၊ လူဦးရေသန်း(၉၀)ရှိတဲ့ ဗီယက်နမ်က US ဒေါ်လာ (၇၁၀၀)သန်း ပြည်ပတင်ပို့ခဲ့တာတွေ့ရပြီး ၂၀၂၀ ခုနှစ်မှာ ထိုင်းက US ဒေါ်လာသန်း(၁၂၀၀၀) အထိလည်းကောင်း၊ ဗီယက်နမ်က US ဒေါ်လာသန်း(၁၁၀၀၀)အထိလည်းကောင်း တင်ပို့ဖို့ ကြိုးပမ်းနေချိန်မှာ ကျွန်တော်တို့က နှစ်စဉ် US ဒေါ်လာ သန်း(၅၀၀)ဖိုးတောင် အနိုင်နိုင်၊ ဒါတောင် ကျော်လိုက် ကျလိုက်၊ အများဆုံး (၆၅၃)သန်းနဲ့ အနည်းဆုံး(၄၅၃)သန်းသာ ရဖူးပြီး အာရှဒေသတွင်းမှာရှိတဲ့ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယတို့အပြင် အမေရိကန်၊ ကနေဒါ စတဲ့ ငါးလုပ်ငန်း ထွန်းကားတဲ့ အခြားနိုင်ငံများနဲ့ဆို ဘယ်လိုမှ မယှဉ်သာအောင် ဖြစ်ခဲ့ရတာကို ဆန်းစစ်ပြုပြင်နိုင်ဖို့ အထူးလိုအပ်နေပါတယ်။

ရေလုပ်ငန်းတိုးတက်နေတဲ့ နိုင်ငံတွေအနေနဲ့ ငါးပညာရှင်၊ ငါးလုပ်ငန်း နည်းပညာရှင်နဲ့ ငါးလုပ်ငန်းနဲ့ စီးပွားရေးလုပ်ကိုင်လိုသူများ ပေါ်ပေါက်လာစေဖို့ ရည်ရွယ်ပြီး ငါးတက္ကသိုလ်ကောလိပ်များ ဖွင့်လှစ်ပေးခြင်းတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခဲ့တာကြောင့်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရပါဘူး။ ပူးတွဲပါဇယားကို ကြည့်ရင် ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စု စတဲ့ ဖော်ပြပါနိုင်ငံများရဲ့ မဟာငါးတက္ကသိုလ်ကြီးများကနေ ငါးနဲ့ ပတ်သက်တဲ့ လူ့အရင်းအမြစ်များ ထုတ်ပေးခြင်း၊ ငါးလုပ်ငန်းဆိုင်ရာအရင်းအမြစ်နဲ့ အသုံးချနိုင်တဲ့နည်းစနစ်များ စမ်းသပ်ရှာဖွေ သင်ကြားပေးခြင်းတို့ကြောင့် သူတို့အမိမြေရဲ့ ငါး ထုတ်လုပ်တဲ့ကဏ္ဍ နိုင်ငံတကာ အဆင့်ရောက်ရှိခဲ့ပြီး နိုင်ငံ့ခြားဝင်ငွေ တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်စေခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ပြည်သူများအတွက် ငါးကဏ္ဍ တိုးတက်ဖို့ တစ်ကြိမ်၊ တစ်ခါမှ မဖြစ်စလောက်တော့ ရှိခဲ့ဖူးပါတယ်။ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာ ၁၉၆၆ ခုနှစ်၊ မန္တလေးတက္ကသိုလ်မှာ ၁၉၇၀ ခုနှစ်များမှာ သင်ကြားပို့ချပေးမယ့်လည်း ထိုခေတ် မွေးထုတ်လိုက်တဲ့ ပညာရှင်ကြီးများဟာ အိုမင်းရင့်ရော်ကုန်ကြလို့ သူတို့ရဲ့ နှမြောစရာကောင်းလှတဲ့ ပညာရပ်များ လက်ဆင့်ကမ်းခွင့်လည်းမရ၊ တွင်ကျယ်စွာ အသုံးချနိုင်ဖို့လည်းမဖြစ်နဲ့ မြန်မာ့ရေလုပ်ငန်းကြီး နစ်သထက် နစ်နေပါတယ်လို့ပဲ ပြောပါရစေ။

ဒါကြောင့်မို့ မဟာငါးတက္ကသိုလ်ကြီး မဟုတ်ခဲ့ရင်တောင် မတူညီတဲ့ ရာသီဥတု ပထဝီကွဲပြားမှုအလိုက် မြောက်မြားစွာ ရှိနေသေးတဲ့ မြန်မာ့ရေသယံဇာတတို့ကို စနစ်တကျ၊ ပြည့်ပြည့်ဝဝ ရေရှည်ထုတ်ယူသုံးစွဲနိုင်မယ့် ပညာရှင်၊ စီမံခန့်ခွဲသူ၊ လုပ်ငန်းရှင်များဖြစ်အောင် စာတွေ့၊ လက်တွေ့သင်ကြားပေးနိုင်မယ့် ငါးတက္ကသိုလ်တစ်ခုသာ အလျင်အမြန် တည်ထောင်ဖွင့်လှစ်ပေးလိုက်မယ်ဆိုလို့ရှိရင် ကျယ်ပြန့်လှတဲ့ ငါးအသိပညာရှင်နဲ့ ငါးလုပ်ငန်းအတတ်ပညာရှင်များ၊ သုတေသီများ၊ ကဏ္ဍအလိုက် ထိုက်သင့်ကျွမ်းကျင်တဲ့ မူဝါဒရေးဆွဲသူများ၊ စီမံအုပ်ချုပ်သူများ၊ ကနဦးတီထွင်သူများ၊ သမရိုးကျမှ အဆင့်မြင့်လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များ များစွာထွက်ပေါ်လာပြီး ထိုတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်တဲ့ လူ့စွမ်းအားများကို သယံဇာတအရင်းအမြစ်၊ ခေတ်မီနည်းပညာတို့နဲ့ ပေါင်းစပ်လိုက်ပါက မြန်မာ့ငါးကဏ္ဍကြီးတစ်ခုလုံး ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်လာမည့်အပြင် ကိုယ့်ပစ္စည်း၊ ကိုယ့်သယံဇာတနဲ့ ကိုယ့်လုပ်အားတွေကို သူများနိုင်ငံမှာ မျက်နှာငယ်စွာနဲ့ တိုင်းတစ်ပါး

ကျွန်ခံ၊ အိမ်ပြန်မလှကြတဲ့ ရွှေ့ပြောင်းလုပ်သားဘဝများစွာရဲ့ အနာဂတ် လွတ်မြောက်မှု မှတ်တိုင်ကို စိုက်ထူနိုင်မှာ ဖြစ်ပါတယ်။

ပညာရှင်ကို အလေးမထားခဲ့လို့ ရှင်လာရင် အဝေးတစ်ခြားမှာ မြင်သာမြင် အငေးသမား ဘဝနဲ့ နောက်ကောက်ကျမြဲ ဖြစ်နေတာကို သင်ခန်းစာယူပြီး ကမ္ဘာမှာ ရေလုပ်ငန်းနဲ့ ပတ်သက်လို့ အခုလို ခါးမ နောက်ပိတ်အဆင့်နဲ့ နှမ လက်လျှော့နေလေတော့ မဖြစ်ရလေအောင် အထူးသဖြင့် အတွေ့အကြုံရှိပြီးသား အသက်(၇၀)ကျော်ဝန်းကျင်ရှိ ငါးပညာရှင်ကြီးများ၊ ပါမောက္ခဟောင်းကြီးများ နှစ်ရှည်သင်ကြား ပညာပို့ချခဲ့တဲ့ ဆရာ၊ ဆရာမကြီးများ မလွန်မီ အချိန်ကောင်းလေးကို အမိအရ အသုံးချပြီး နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော ရှိသင့်ရှိထိုက်တဲ့ ငါးတက္ကသိုလ်ကြီးတစ်ခုကို မဖြစ်မနေ ဆောင်ရွက်ပေးဖို့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်းနှင့် နိုင်ငံ့အကျိုး အမှန်တိုးတက်လိုပါက အများထက်မပိုချင်နေပါစေ ငါးတက္ကသိုလ် ဖွင့်လှစ်မည့်ဆန္ဒမျိုးသာ ရင်မှာငြိစွန်း ရဲရဲတင်းတင်း တစ်လှမ်းချင်း လှမ်းတဲ့အနေနဲ့ လက်ရှိ သင်ကြားနေတဲ့ ငါးတက္ကသိုလ်အချို့နဲ့ MoU ထိုးပြီး ပူးပေါင်းဆောင်ရွက်မှုတို့ကို ကုန်ကျမှုသက်သာတဲ့ နည်းလမ်းနဲ့ စတင်အကောင်အထည်ဖော်ဖို့ အလွန်အရေးကြီးပါကြောင်း ထပ်လောင်းပြောကြား တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ငါးဦးစီးဌာနမှ နောက်ဆုံးထုတ်ပြန်စာရင်းဇယားပုံ (ကထ)

**ငါးဦးစီးဌာန၏ ငါးလုပ်ငန်းဆိုင်ရာ စာရင်းဇယားနောက်ဆုံးအရ**

**စုစုပေါင်းထုတ်လုပ်မှု၏ ၁၀% အောက်သာဖြစ်သည့်**

**ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ - ၆၀၅.၈၂ သန်းဖိုး ပို့ခဲ့ပြီး**

**ငါးတန်ချိန် ငါးသန်းဝန်းကျင် ကိုသာ ထုတ်လုပ်နိုင်ခဲ့။**

ငါးတက္ကသိုလ်(ကောလိပ်)များ စာရင်းဇယားပုံ (ကထ-၁)

| နိုင်ငံအမည် | ဖွင့်လှစ်ထားသည့် ငါးတက္ကသိုလ်(ကောလိပ်) များ |
|---|---|
| ၁။ထိုင်း | Kasesert University |
| ၂။ဗီယက်နမ် | Can Tho University |
| ၃။ဂျပန် | National Fisheries University<br>Tokyo Fisheries University |
| ၄။တရုတ် | Shandai Fisheries University |
| ၅။ကိုရီးယား | National Fisheries University<br>South Korea Fisheries University(Pukyoun National University) |
| ၆။အိန္ဒိယ | Central Institute (University )of Fisheries Education<br>Central Institute Fisheries Technology<br>Kerela University of Fisheries<br>Tamil Nadu Fisheries University |
| ၇။ကနေဒါ<br>၈။အမေရိကန်ပြည်ထောင်စု(USA) | Canada Fisheries University<br>University of Arkansas, University of Washington,<br>University of Florida |

ပြည်ပနိုင်ငံများ၏ အဆင့်မြင့်ရေလုပ်ငန်း၏ မြင်ကွင်းပုံ (ကထ-၂)



**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ရဲ့ မြန်မာနိုင်ငံရဲ့ ငါးနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ်ကြီး (Fishery University) တစ်ခု ဖွင့်လှစ်ပေးနိုင်ဖို့ အဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ ရှင်းလင်းတင်ပြထားမှုနှင့် ပေါင်းစပ်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကကျတဲ့ ကဏ္ဍတစ်ရပ်ဖြစ်တဲ့ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါတဲ့ လူသားအရင်းအမြစ် မွေးထုတ်ပေးနိုင်ဖို့ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာဖို့အတွက် ရည်ရွယ်ချက်များနှင့် ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း ရဲ့ Source Analysis နဲ့ ပတ်သက်ပြီး ရှင်းလင်းထောက်ပြသွားတာလည်းပဲ ဗဟုသုတရဖွယ် ရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ပင်လယ်ကမ်းရိုးတန်းအရှည်(၂၈၃၂)မိုင်စတုရန်းကီလိုမီတာ ရှည်လျားတဲ့အလျောက် ကမ်းရိုးတန်းဒေသတွေရဲ့ အဏ္ဏဝါ ငါးသယံဇာတအခြေအနေဟာ ထုထည်ပမာဏ ကြီးမားပါတယ်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နဲ့ မြစ်ကြီးများဟာလည်းပဲ မြန်မာနိုင်ငံရဲ့ ကုန်းတွင်းပိုင်း ငါးသယံဇာတ ပေါကြွယ်ဝမှုအတွက် အဓိက အထောက်အကူပေးလျက်ရှိပါတယ်။ ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစီအမံတွေ ချမှတ် အကောင်အထည်ဖော်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးမှာ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)၊ ဧရာဝတီတိုင်းဒေသကြီးမှာ ငါးလုပ်ငန်းသင်တန်းကျောင်း(ဖျာပုံ)၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ငါးလုပ်ငန်းသင်တန်းကျောင်း(စစ်ကိုင်း)တို့ကို ဖွင့်လှစ်ထားပါတယ်။ ခေတ်မီပြီး နည်းစနစ်ကျတဲ့ ငါးလုပ်ငန်းဆိုင်ရာ ပညာရပ်တွေကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ ငါးလုပ်ငန်းအတတ်သင် သိပ္ပံ(ကြို့ကုန်း)တို့ကို အရှေ့တောင်အာရှ ငါးလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးမှုနဲ့ ချိတ်ဆက်ပြီး မြန်မာ့ငါးလုပ်ငန်းဖွံ့ဖြိုးရေးနဲ့ သုတေသနဗဟိုဌာနအဖြစ် တည်ထောင်နိုင်ဖို့ကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ငါးလုပ်ငန်း သင်တန်းကျောင်းများ တိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက်ကိုလည်းပဲ ငါးလုပ်ငန်းမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ဖွင့်လှစ်ပြီးဖြစ်တဲ့

ငါးလုပ်ငန်း သင်တန်းကျောင်းတွေကို ဒီပလိုမာအဆင့်အထိ တိုးမြှင့်ပို့ချနိုင်ရေးကိုလည်း ပြည်တွင်း ပြည်ပ ငါးလုပ်ငန်းမိတ်ဖက် အဖွဲ့အစည်းတွေရဲ့ အကူအညီများ ရရှိနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ တက္ကသိုလ်အဆင့်မှာ မန္တလေးနှင့် ရန်ကုန်တက္ကသိုလ်တွေမှာ မစ္ဆဗေဒ ငါးအထူးပြုဘာသာရပ်ကို ပို့ချလျက်ရှိပါတယ်။ မွန်ပြည်နယ်(မော်လမြိုင်တက္ကသိုလ်)၊ ဧရာဝတီတိုင်းဒေသကြီး(ပုသိမ်တက္ကသိုလ်)နဲ့တနင်္သာရီတိုင်းဒေသကြီး(မြိတ်တက္ကသိုလ်)တို့မှာ အဏ္ဏဝါ သိပ္ပံအထူးပြုဘာသာရပ်တွေကို သိပ္ပံဘွဲ့၊ မဟာသိပ္ပံဘွဲ့နဲ့ ပါရဂူဘွဲ့များ ပေးအပ်ချီးမြှင့်လျက် ရှိပါတယ်။ အဏ္ဏဝါသိပ္ပံဘာသာရပ်မှာ ငါး၊ ပုစွန် မွေးမြူတဲ့နည်းပညာ (Aquaculture Technology)၊ ငါးဖမ်းဆီးခြင်းနည်းပညာ (Fishing Technology)၊ ရေထွက်ကုန်ပစ္စည်း ပြုပြင်ထုတ်လုပ်ခြင်း နည်းပညာ (Fisheries Postharvest Technology) တွေကို သင်ရိုးတစ်ခုအဖြစ် ထည့်သွင်းပို့ချရေး ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းပညာပံ့ပိုးကူညီပေးသော ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (KOICA) နဲ့ MyCulture စတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် နည်းပညာပံ့ပိုးမှု သင်တန်းတွေကို ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိနေသလို ငါးမွေးမြူရေး အဆင့်မြင့်ပညာများ သင်ကြား နိုင်ဖို့အတွက်လည်း ပြည်ပနိုင်ငံမှာ ဌာနတွင်းဝန်ထမ်းတွေအတွက် ပညာသင်စေလွှတ်ခြင်းဖြင့် ပညာရှင် များ မွေးမြူဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု တည်ထောင်ဖွင့်လှစ်မယ်ဆိုရင် အဓိကပါဝင်ရမယ့် သက်ဆိုင်ရာကဏ္ဍအလိုက် သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာတွေကို စနစ်တကျ သုတေသနပြု ရေးဆွဲရေးကို ဦးစွာဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါ တယ်။ လိုအပ်မယ့် Infrastructure တွေဖြစ်တဲ့ အဆောက်အအုံ၊ မြေနေရာ၊ သင်ထောက်ကူပစ္စည်း၊ ဓာတ်ခွဲခန်းတွေ၊ သင်ကြားရေး ဆရာ၊ ဆရာမများ ကွင်းဆင်းသင်ကြားနိုင်မယ့် Farms and Stations တွေ ဖြစ်ကြောင်းနှင့် ကမ်းနီးကမ်းဝေး လက်တွေ့ကွင်းဆင်း အထောက်အကူပြုသင်ကြားရေး သင်္ဘောများ စသည်တို့ ပြည့်စုံရန် လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုအပ်ချက်တွေကို စနစ်တကျ အချိတ်အဆက်မိမိ အကောင်အထည်ဖော်နိုင်ဖို့အတွက် Master Plan တစ်ခု ဦးစွာရေးဆွဲဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

လက်ရှိ တက္ကသိုလ်တွေမှာ ဆက်နွှယ်လျက်ရှိတဲ့ ဘာသာရပ်တွေကို ပေါင်းစည်းပြီး ရေနေငါး သက်ရှိများဆိုင်ရာ ဘာသာရပ်ဌာနအသစ်တစ်ခုအဖြစ် စတင်ဖွင့်လှစ်သင့်ကြောင်း ပညာရေးဝန်ကြီး ဌာနမှ သဘောထား ပေးထားပါတယ်။ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာဖို့ ဆိုရင် လက်ရှိအခြေအနေအရ လိုအပ်ချက်များ ရှိနေသေးတဲ့အလျောက် တင်ပြပါ ဖြည့်ဆည်းပေးရ မှုများအတွက် အချိန်ယူ အကောင်အထည်ဖော်ရမည့်အခြေအနေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်တဲ့အတွက် ငါးလုပ်ငန်းဆိုင်ရာ ပညာရပ် များနှင့် ငါးလုပ်ငန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှင်းလင်း တင်ပြခဲ့တဲ့အတိုင်း အစီအမံများ ချမှတ် ဆောင်ရွက်လျက်ရှိသည်ဖြစ်တဲ့အတွက် လက်ရှိအခြေအနေများအရ လိုအပ်ချက်များ ရှိနေသေး

တဲ့အတွက် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်တဲ့ ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး (Fishery University) တစ်ခု ဖွင့်လှစ်ပေးနိုင်ပါရန် အဆိုကို အမျိုးသားလွှတ်တော်မှာ မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ရှင်းလင်းဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင်ရဲ့ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၁း၁၅။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ တင်ထားခဲ့တဲ့ အဆိုဟာ (၁) ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၇၁ အရလည်းကောင်း၊ (၂) နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က အသက်မွေးဝမ်းကျောင်းပညာများကို ဦးစားပေးရမယ်လို့ မိန့်ကြားလမ်းညွှန်ချက်အရလည်းကောင်း၊ (၃) ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အများစုက ရွေးကောက်ပွဲ မဲဆွယ်စဉ်ကာလက လယ်ယာ၊ သား၊ ငါးကဏ္ဍ ရွေးကောက်ပွဲကြေညာစာတမ်းအရလည်းကောင်း၊ (၄) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းပြီး တာဝန်ပေးခဲ့တဲ့အချိန်ကစပြီး ကျွန်တော်တို့ ကော်မတီက မိမိတို့ ရေးရာအဆောင်ထဲမှာနေပြီး စိတ်ကူးနှင့်လည်းမဟုတ်၊ သူတစ်ပါး ပြောစကားအရလည်းမဟုတ်၊ အခြားသူများ၏ အယူအဆနှင့် မိမိတို့၏အယူအဆ တူလို့လည်းမဟုတ်၊ အစဉ်အဆက်က တင်ပြခဲ့လို့လည်းမဟုတ် မိမိတို့ရဲ့ တင်ပြချက်တွေဟာ စာပေဗဟုသုတ သတင်းအချက်အလက်များနဲ့ မဟုတ်ဘဲ တစ်နှစ်ခွဲတာကာလအတွင်း မိမိတို့အဖွဲ့က ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ရေလုပ်သားကြီးများနှင့်အတူ ကျေးရွာများအထိ လက်တွေ့ကွင်းဆင်းလေ့လာပြီး လုပ်ဆောင်ခဲ့တဲ့အရ ဖြစ်ပေါ်လာတဲ့အဆို ဖြစ်ခြင်းကြောင့်လည်းကောင်း၊ နောက်တစ်ချက်က ကျွန်တော်တို့ မြန်မာနိုင်ငံ ဟာ သဘာဝရဲ့ မျက်နှာသာပေးမှုကြောင့် ငါးနှင့် ရေသယံဇာတများ ပေါများပြီး ဘဘာဝအရင်းအမြစ်တွေနဲ့ ကျွန်တော်တို့ ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ်ကဆင်းလာမယ့် လူသားအရင်းအမြစ်တို့ ပေါင်းစပ်လိုက်လို့ရှိရင် ခုနက တင်ပြသွားတဲ့ နိုင်ငံခြားဝင်ငွေထက် (၁၀)ဆလောက်ကို ရရှိလာမှာ ဖြစ်တဲ့အတွက်ကြောင့်ကိုလည်းကောင်း၊ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိ ရှိနေတဲ့ ငါးလုပ်ငန်းဆိုင်ရာ သင်ကြားမှုတွေက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကရှိပြီး ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဟောင်းတွေမှာရှိပြီးတော့ ကျွန်တော်တို့ စိုက်ပျိုးရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာတက္ကသိုလ်၊ သစ်တောပညာတက္ကသိုလ်တွေကဲ့သို့ တက္ကသိုလ်များ သီးသန့်ခွဲထွက်ပြီး လုပ်လိုက်တဲ့အခါမှာ တိုင်းပြည်အတွက် လွန်စွာ အကျိုးများလာလို့လည်းတစ်ကြောင်း၊ နောက်တစ်ခါ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံက ကျွန်တော်တို့နိုင်ငံရဲ့ ငါးတွေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်သမားတွေ လုပ်အားတွေနဲ့ Value Added ခေါ် တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ပြီးတော့ တစ်နှစ်ကို ဒေါ်လာသန်း(၇၅၀၀) ပြီးခဲ့တဲ့နှစ်က၊ လာမယ့် ၂၀၂၀ မှာ ဒေါ်လာသန်း(၁၂၀၀၀)အထိ ရအောင်လုပ်နေတဲ့ အချိန်မှာ ကျွန်တော်တို့ကလည်း မိမိတို့မြေပေါ်မှာ မိမိတို့ရေကထွက်တဲ့ ငါးတွေကို မိမိတို့ရဲ့ နိုင်ငံသား

သားသမီးတွေကို မိမိတို့ရဲ့ မိဘရဲ့ အရိပ်အောက်မှာ လွတ်လပ်လုံခြုံစွာ ဆောင်ရွက်ခြင်း၊ Value Added ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းအားဖြင့်လည်းကောင်း၊ နောက်ဆုံး ကျွန်တော်တို့ ဒီအဆိုကို အများဆုံး (၁၁)ဦးကနေပြီးတော့ ထောက်ခံ ဆွေးနွေးသွားပါသောကြောင့်လည်းကောင်း ဒီအဆိုကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှ အတည်ပြု ဆုံးဖြတ်ပေးပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် အဆိုတင်သွင်းထားတဲ့ မြန်မာနိုင်ငံ၏ ငါးနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့် ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွား ဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာသုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီး တစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၃၉) မဲ၊ ကန့်ကွက်မဲ(၃၇) မဲ၊ ကြားနေမဲ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဒေါက်တာဝင်းမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၅၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို

ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို ၁၁း၂၁ နာရီအချိန်တွင် ရပ်နားပါသည်။]